# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (7-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၁၉ ခုနှစ် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၆**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကိုယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်၊ ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတီးဝိုင်းနှင့်အတူ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားမှူးက ရွှေကြိုမောင်မယ်များကို တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားကျင်းပမည့် လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိကြရာ

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞


Myanmar Mobile Money(MMM) မှ လက်ရှိရရှိနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခပြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

Myanmar MOBILE MONEY anywhere anytime anyone

ပြင်ပတင်သွင်းကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အကြံပြုချက်များ ... ဖုန်းဖြင့် ဆက်သွယ်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၀

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၂ ခုနှစ် မေ ၇ ရက်
အယ်ဒီတာ့အာဘော်

# ဘဝမှာပိုမိုပျော်ရွှင်စေရန် ခရီးသွားပါ

ခရီးသွားခြင်းသည် ကောင်းသောအလေ့အထတစ်ခုဖြစ်ပြီး မရောက်ဖူးသေးသည့် နေရာသစ်တစ်ခုကိုရောက်ရှိတိုင်း အံ့သြစိတ်လှုပ်ရှားဖွယ်ကောင်းသည့် အတွေ့အကြုံသစ်များရရှိပေမည်။ ထို့ပြင် ဗဟုသုတများစွာ၊ အတွေးသစ်၊ အမြင်သစ်များစွာ၊ ဒေသအသီးသီးမှ လူမျိုးအသီးသီးတို့၏ယဉ်ကျေးမှုထုံးစံများ၊ အစားအသောက်အသစ်များ၊ မိတ်ဆွေသစ်များပါ တိုးပွားရရှိစေနိုင်သည့်အတွက် ဘဝကပိုမိုပျော်ရွှင်ဖွယ်ရာဖြစ်လာပေမည်။

ခေတ်မီတိုးတက်သော နိုင်ငံအများစုသည် ခရီးသွားခြင်းကို အားပေးဂုဏ်ပြုကြလေ့ရှိသည့်အပြင် ရိုးရှင်းလွယ်ကူစွာ ခရီးသွားလာနိုင်ရေး လုံခြုံမှု၊ ဝန်ဆောင်မှုများ၊ ခရီးစဉ်တစ်လျှောက်လုံးစိတ်ချမ်းမြေ့စွာသက်သောင့်သက်သာရှိစေမှုအခြေအနေများကို အလေးထားဖန်တီးပေးကာ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုတိုးတက်စေရန် နည်းလမ်းပေါင်းစုံ ဆွဲဆောင်မြှင့်တင်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံကြီးတချို့တွင်လည်း နှစ်စဉ် မေ ၇ ရက်နေ့ကို အမျိုးသားခရီးသွားလုပ်ငန်းနေ့အဖြစ် အခမ်းအနားများကျင်းပကာ ခရီးသွားလာမှုတိုးတက်လာစေရန် အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး နှစ်စဉ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နိုင်ငံတော်အဆင့်အထိမ်းအမှတ်အခမ်းအနားကျင်းပကာ ခရီးသွားလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာပိုင်ဆိုင်ထားသည့် ကမ္ဘာ့အလှပဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ တောင်ပေါ်ဒေသ၊ မြေပြန့်ဒေသ၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေ စသည့် မတူကွဲပြားထူးခြားလှပသည့် သဘာဝရှုခင်းအလှများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏မတူကွဲပြားသည့် ရိုးရာဓလေ့များနှင့်လူနေမှုပုံစံများသည် ပြည်တွင်း၊ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်အရာများဖြစ်ရုံမက ဒေသန္တရဗဟုသုတများ၊ အတွေးအမြင်သစ်များ၊ စိတ်ချမ်းမြေ့ပျော်ရွှင်စွာတွေ့ကြုံခံစားနိုင်မည့်အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံနေသော ခရီးသွားရန်အကောင်းဆုံးနိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

ခရီးသွားခြင်းသည် နေ့စဉ်လူမှုဘဝ၌ လုပ်ငန်းခွင်ဆိုင်ရာဘဝအမောများ၊ မိသားစုတာဝန် ဘဝအမောများကို ပြေပျောက်စေနိုင်ရုံသာမက ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရှိလေသည်။ ခရီးသွားခြင်းသည် စိတ်ရောကိုယ်ပါ လန်းဆန်းပေါ့ပါးရွှင်မြူးစေနိုင်ခြင်းကြောင့် စိတ်ဖိစီးမှုလျော့ကျစေသည်။ သဘာဝလေ၊ နေရောင်ခြည်တို့ထိတွေ့ရမှုကြောင့် ကျန်းမာရေးပိုကောင်းစေသည်။ အထိုင်များခြင်းကင်းဝေးကာ လှုပ်ရှားသွားလာနေမှုကြောင့် စိတ်ရွှင်လန်း၍နှလုံးကျန်းမာစေပြီး ကိုယ်အလေးချိန်ကျဆင်းမှုကို အထောက်အကူဖြစ်စေသည်။ ထို့ပြင် ယဉ်ကျေးမှုအသစ်၊ လူနေမှုဘဝပုံစံအသစ်စသည်တို့လေ့လာရာ၌ ခရီးသွားမိတ်ဆွေအပေါင်းအသင်းများလည်း တိုးပွားလာကာ ပေါင်းသင်းဆက်ဆံရေးစွမ်းရည် ပိုမိုတိုးတက်လာပြီး မိမိကိုယ်ကိုယုံကြည်မှု ပိုမြင့်မားလာစေမည်ဖြစ်သည်။

ကမ္ဘာလောကကြီးသည် အံ့သြစရာများစွာပြည့်နှက်နေသောနေရာဖြစ်ပြီး ခရီးသွားခြင်းဖြင့် ကမ္ဘာလောကကြီး၏အလှတရားများ၊ ဘဝနေနည်းလျို့ဝှက်ချက်များကို ပို၍သိရှိလာပေမည်။ ကိုယ်ရောစိတ်ပါသက်ရှည်ကျန်းမာပြီး ဘဝမှာပိုမိုပျော်ရွှင်အဓိပ္ပာယ်ပြည့်ဝစေရန် နေရာသစ်သို့ ခရီးသွားခြင်းကို အခွင့်သာခိုက်ကြိမ်ဖန်များစွာ သွားလာဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၄၅၂၅၉ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက် အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပါတယ်။ အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဘုရားဖူးတွေဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၆၀၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၄၁၉၃၃ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၂၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ပြည်တွင်းဈေးကွက်အတွင်း စိန်တလုံးသရက်သီး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး မေ ၆**

ပြည်တွင်းဈေးကွက်အတွင်း စိန်တလုံးသရက်သီး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

စိန်တစ်လုံး သရက်သီးများသည် မတ်လနှင့်ဧပြီလတို့မှ စတင်ထွက်ပေါ်လာ၍ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး မေလထဲတွင် လှိုင်လှိုင်ပေါ်ထွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က စိန်တလုံးသရက်သီး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ငွေကျပ် ၃၀၀၀၀ ရှိခဲ့သော်လည်း ယခုလက်ရှိတွင် ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

“လက်ရှိမှာ ပြည်တွင်းဈေးကွက်အတွင်း စိန်တလုံးသရက်သီးက အလုံးကြီး ၄၀ နဲ့ ၄၅ လုံးပါတဲ့ ၁၆ ကီလိုဂရမ် ခြင်းတစ်ခြင်းကို ငွေကျပ် ၄၅၀၀၀ ကနေ ၅၀၀၀၀ ထိ ရရှိပြီးတော့ ဈေးကောင်းနေပါတယ်။ အလုံးအရွယ်အစားအသေးဆိုရင် ခြင်းတစ်ခြင်းကို ငွေကျပ် ၂၅၀၀၀ ကနေ ၃၀၀၀၀ ထိ ရရှိပါတယ်။ အခုသရက်သီးစပေါ်ချိန်ကတည်းက ဈေးကောင်းရနေပါတယ်။ အခုမေလထဲမှာတော့ လှိုင်လှိုင်ပေါ်တော့မှာပါ။ ဒီနှစ်သရက်စိုက်တောင်သူတွေအနေနဲ့ကတော့ လေဒဏ်၊ မိုးဒဏ်ကို အသင့်အတင့်ခံရပါတယ်”ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

လက်ရှိ ဈေးကွက်အတွင်းသို့ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်ငယ်၊ ဟံမြင့်မိုရ် စသည့် ဒေသများမှ စိန်တလုံးသရက်သီးများ ဝင်ရောက်နေကြောင်း၊ သရက်သီးစိုက်ပျိုးရာတွင် ဈေးကွက်ဝင်သည့် စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ မယ်သီ စသည်တို့ကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

# မန္တလေးမြို့တွင် ဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားနေရာများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာ

**မန္တလေး မေ ၆**

မန္တလေးမြို့တွင်း ဈေးချိုတော်၊ မန္တလေးတောင်နှင့်အခြားနေရာများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ဈေးချိုတော်၊ မန္တလေးတောင်၊ မဟာမုနိရုပ်ရှင်တော်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်နေရာအနှံ့အပြားသို့ လိုက်ပါစီးနင်းမည့် ခရီးသည်များ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် လိုင်းကားများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

“အခု မန္တလေးမြို့တွင်း ဈေးချိုဘက်ဆိုရင် အခြားကျောက်ဆည်တို့၊ မြစ်ငယ်တို့ဘက်ကနေ လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းတာ များတယ်။ ဈေးချိုဘက်ကို လိုက်ပါစီးနင်းတဲ့ခရီးသည်တွေကတော့ ဈေးရောင်းတဲ့ခရီးသည်တွေ တော်တော်လေးများပါတယ်”ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးမြို့တွင်း ဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁)၊ (၂)၊ (၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ ဧပြီလ နောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်သာ ရှိခဲ့သော်လည်း မေလ ပထမပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

“အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံးလမ်းကြောင်းကတော့ အရောင်းအဝယ်ကိစ္စနဲ့ဈေးချိုဘက်ကို လိုက်ပါစီးနင်းတဲ့ ခရီးသွားတွေနဲ့မန္တလေးတောင်ဘက်ကို ဘုရားဖူးသွားမဲ့ခရီးသည်တွေ လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ လက်လုပ်လက်စားဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုရှိပါတယ်”ဟု ဦးမြငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇလွန်မြို့နယ် ခင်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဇလွန် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းက ခင်ပြည့်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲပါ ညွှန်ကြားချက်များနှင့်အညီ သုံးနှစ်တစ်ကြိမ် ရွေးချယ်ဖွဲ့စည်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ဖွဲ့စည်းရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များသာ ရွေးချယ်ဖွဲ့စည်းရန်နှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းအဖွဲ့ ရွေးချယ်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ခိုင်**

# ကော့မှူးမြို့နယ် ကျေးတရာကျေးရွာ၌ အိမ်တွင်းမှု ခြင်းရက်လုပ်နည်းသင်တန်းဖွင့်

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးတရာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းမှု ခြင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲကို မေ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းထွန်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ ကျေးတရာကျေးရွာမှသင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ခြင်းရက်လုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၅ ရက်မှ ၇ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၆၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၁၅၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မိုးကြိုပဲတီစိမ်းဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲတီစိမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးကြိုပဲတီစိမ်းကို လျာထားဧက ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းကို နှစ်တိုင်း စိုက်ပါတယ်။ စိုက်ပျိုးတာလဲများကြတယ်။ အထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းဧက ၁၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၂၀၇၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၅၈၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၆၃၃၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ စက်ရေတွင်းများကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေး

**စလင်း မေ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တညောင်(ပိတောက်မြိုင်ကွက်သစ်)ကျေးရွာနှင့် မဲဇလီကွေ့ကျေးရွာ၌ စက်ရေတွင်းကြံ့ခိုင်မှု ရှိ၊ မရှိ အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ တညောင်(ပိတောက်မြိုင်ကွက်သစ်)ကျေးရွာနှင့် မဲဇလီကွေ့ကျေးရွာတို့၌ စက်ရေတွင်းများ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိအခြေအနေနှင့် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ပါဝါမီတာ တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၄၅ အိမ်၊ လူ ၉၃၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# မလှိုင်မြို့နယ် ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**မလှိုင် မေ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကံကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ရွာသစ်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၄ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၅ ဒသမ ၁ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



# စီးပွားရေးလုပ်ငန်းတစ်ခုကိုလွှမ်းမိုးသော ပြင်ပအကြောင်းတရားများ

**မျိုးသူ(ကုန်သွယ်မြှင့်)**

စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန်အတွက် ငွေကြေးအရင်းအနှီး၊ လူစွမ်းအားအရင်းအနှီး၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု စသည့်ကိစ္စများလိုအပ်သည်ဟု နားလည်ထားကြသည်။ အဆိုပါကိစ္စများမှာ စီးပွားရေးလုပ်ငန်းတစ်ခု၏ အတွင်းပိုင်းကိစ္စများဖြစ်ကြသည်။ ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ပြီး ရောင်းချရုံ၊ အမြတ်ရရုံဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုကို အောင်မြင်သည်ဟု ခေါ်ဆိုနိုင်မည်မဟုတ်သေးပေ။ အဆိုပါစီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်သည်ဟုဆိုနိုင်ရန်အတွက် လွှမ်းမိုးထားသောအကြောင်းအရာများလည်း များစွာရှိကြသည်။ အဆိုပါအကြောင်းအရာများထဲမှ အခြေခံအကျဆုံးအကြောင်းအရာခြောက်ခုရှိသည်။ အဆိုပါအချက်များမှာ ဈေးကွက်ဖော်ဆောင်ရေးကိစ္စ၊ လုပ်ငန်းနှင့်ပတ်သက်သောမဟာဗျူဟာနှင့် ရည်မှန်းချက်များ၊ ကုန်ထုတ်လုပ်မှုအတွက် လုပ်ငန်းစီမံခန့်ခွဲခြင်းနည်းလမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာအချက်များနှင့် ပြင်ပအကြောင်းတရားများဖြစ်ကြသည်။ ထိုအချက်များထဲမှ ပြင်ပအကြောင်းတရားများကို သီးခြားခွဲ၍ တင်ပြလိုသည်။

**စီးပွားရေးလုပ်ငန်းများကို လွှမ်းမိုးသော ပြင်ပအကြောင်းတရားများ**

စီးပွားရေးကိုလွှမ်းမိုးသော ပြင်ပအကြောင်းတရားများကိုကြည့်လျှင် အဓိကအားဖြင့် ဈေးကွက်ဖွဲ့စည်းပုံအခြေအနေ (Market Structure)၊ နိုင်ငံအဆင့်စီးပွားရေးဆိုင်ရာလုပ်ငန်းများ (Macro-economy)၊ ဥပဒေဆိုင်ရာကိစ္စများ (Legal Environment)၊ လူမှုရေးဆိုင်ရာတာဝန်ခံမှုများ (Social Responsibility)၊ စီးပွားရေးကျင့်ဝတ် (Business Ethics) ဟူ၍ ရှိသည်။

**ဈေးကွက်ဖွဲ့စည်းပုံ**

ဈေးကွက်သည် အဓိကအားဖြင့် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ဟု နှစ်ခုကွဲပြားသည်။ နိုင်ငံတစ်နိုင်ငံတွင် မိမိစီးပွားရေးလုပ်ငန်းတည်ရှိပြီး အဆိုပါနိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီလုပ်ကိုင်သည်ဆိုပါက အဆိုပါနိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် ရောင်းဝယ်သည်၊ စီးပွားရေးလုပ်သည်ဟုဆိုနိုင်ပြီး နိုင်ငံအတွင်းတွင် ကုန်ရောင်း၊ ကုန်ဝယ်ခြင်းအပြင် အခြားနိုင်ငံတစ်ခုနှင့် ရောင်းဝယ်သည်ဆိုပါက ပြည်ပဈေးကွက်နှင့်ပါ ချိတ်ဆက်ရောင်းဝယ်သည်ဟု ဆိုနိုင်လာပြီဖြစ်သည်။ အထက်တွင်ဖော်ပြထားသည့် မိမိနိုင်ငံ၏စည်းကမ်းများအပြင် အခြားနိုင်ငံ၏စီးပွားရေးနှင့် တင်ပို့တင်သွင်းခြင်းဆိုင်ရာစည်းကမ်းများကိုပါ လိုက်နာလာရမည်ဖြစ်သည်။ ထိုစည်းကမ်းများထဲတွင် အဓိကအကျဆုံးအချက်မှာ ဈေးကွက်ဖွဲ့စည်းပုံဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ဈေးကွက်ဖွဲ့စည်းပုံသည် ပြည်တွင်းတွင် ယှဉ်ပြိုင်မှုများရှိသော်လည်း ပုံစံလေးမျိုးမှ တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ နှစ်ခု၊ သုံးခုခန့် ပေါင်းစပ်ထားသည့်မျိုးကိုသော်လည်းကောင်း တွေ့နိုင်သည်။ အဓိကအားဖြင့် ဈေးကွက်များတွင် ကုန်ပစ္စည်းအမျိုးတူချင်း ပြိုင်ဆိုင်ရောင်းဝယ်ရပြီး ပြိုင်ဆိုင်မှုအတိုင်းအတာကိုလိုက်ကာ ဈေးကွက်ပုံစံများပြောင်းလဲခြင်း၊ ရောင်းချမှုပုံစံများပြောင်းလဲခြင်းတို့ ဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ဈေးကွက်ပုံစံများတွင် ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Perfect Competition)၊ ပြည့်စုံမှုမရှိသောပြိုင်ဆိုင်မှုပုံစံ (Imperfect Competition)၊ လူနည်းစုမှ ဈေးကွက်ဝေစုအများစုကို လွှမ်းမိုးထားသောယှဉ်ပြိုင်မှုပုံစံ (Oligopoli) နှင့် တစ်ဦး၊ တစ်ဖွဲ့၊ ကုမ္ပဏီတစ်ခုမှ ဈေးကွက်ကိုလွှမ်းမိုးထားသောယှဉ်ပြိုင်မှုပုံစံ(Monopoli)ဟူ၍ လေးမျိုးရှိသည်။

ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံသည် ဈေးကွက်တွင် ကုန်ပစ္စည်းတစ်မျိုးကို ရောင်းချသူအများအပြားရှိပြီး ဈေးနှုန်းကို တစ်ဦးတစ်ယောက်တည်းက ဦးဆောင်နိုင်ခြင်းမျိုးမရှိဘဲ ရောင်းလိုအား၊ ဝယ်လိုအားပေါ်တွင် သာမူတည်ပြီး ဖြစ်ပေါ်လာသောဈေးနှုန်းဖြင့် ရောင်းချရသောဈေးကွက်ပုံစံဖြစ်သည်။ ထိုဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်သဖြင့် ကုန်ပစ္စည်း၏အရည်အသွေး တိုးတက်လာခြင်း၊ ဈေးနှုန်းသင့်တော်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိတတ်သည်။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသောနိုင်ငံများတွင် တွေ့ရတတ်သည်။ ကဏ္ဍအနေဖြင့်ဆိုပါက လယ်ယာကဏ္ဍတွင် တွေ့ရသည်။ ဝယ်သူကြိုက်နှစ်သက်သည့် ဈေးကွက်မျိုးဖြစ်ပြီး ပြည့်စုံသောဈေးကွက်ယှဉ်ပြိုင်မှုပုံစံဟုလည်းခေါ်သည်။

ပြည့်စုံမှုမရှိသောပြိုင်ဆိုင်မှုဈေးကွက်ပုံစံမှာ ကုန်ပစ္စည်းတစ်မျိုးတည်းကို ရောင်းသူများရှိသော်လည်း ကုန်ပစ္စည်း၏အမျိုးအစား၊ အရည်အသွေး၊ ပုံစံ စသည်တို့သည် ကွဲလွဲမှုများစွာမရှိတတ်ဘဲ ရောင်းချတတ်ကြသဖြင့် ပြိုင်ဆိုင်မှုပိုင်းတွင် အားနည်းသည့်အပြင် ဝယ်သူများအနေဖြင့်လည်း ရွေးချယ်ရမလွယ်ကူသဖြင့် ဝယ်သူကြိုက်နှစ်သက်သော ဈေးကွက်မျိုးမဟုတ်ဟု ဆိုသည်။ လူနည်းစုမှ ဈေးကွက်ဝေစုအများစုကို လွှမ်းမိုးထားသောပုံစံအမျိုးအစားတွင် ကုန်ပစ္စည်းတစ်မျိုး၏ဈေးကွက်ဝေစုကို ရောင်းချသူအနည်းစုမှသာ ရောင်းချသဖြင့် ရောင်းသူဈေးကွက်အဖြစ်ရှိနေတတ်သည်။ အထူးသဖြင့် သံမဏိထုတ်လုပ်သောလုပ်ငန်းမျိုး၊ မော်တော်ကားထုတ်လုပ်သော လုပ်ငန်းမျိုး စသည်တို့တွင် ကုန်ထုတ်လုပ်သူနှင့် ရောင်းချသူများမှာ လူနည်းစုသာရှိတတ်သဖြင့် အဆိုပါစီးပွားရေးလုပ်ငန်းမျိုးကို လူနည်းစုမှ ဈေးကွက်ဝေစုအများစုကို လွှမ်းမိုးထားသောပုံစံဟုခေါ်ကြသည်။ နောက်ဆုံးပုံစံတစ်ခုမှာ တစ်ဦး၊ တစ်ဖွဲ့၊ ကုမ္ပဏီတစ်ခုမှ ဈေးကွက်ကိုလွှမ်းမိုးထားသောယှဉ်ပြိုင်မှုပုံစံဖြစ်သည်။ ဈေးကွက်တွင် ကုန်ပစ္စည်းအမျိုးအစားတစ်ခုကို ရောင်းချသူတစ်ဦးတစ်ဖွဲ့ကုမ္ပဏီတစ်ခုကသာရောင်းချနေပြီး ယှဉ်ပြိုင်သူမရှိသောပုံစံဖြစ်သည်။ အဆိုပါယှဉ်ပြိုင်မှုကင်းမဲ့သည့်ပုံစံမျိုးကို ပြည်တွင်းသုံးပစ္စည်းလုပ်ငန်းမျိုးတွင် တွေ့နိုင်သည်။

**နိုင်ငံအဆင့်စီးပွားရေးဆိုင်ရာလုပ်ငန်းများ**

နိုင်ငံအဆင့်စီးပွားရေးဆိုင်ရာလုပ်ငန်းများသည်လည်း စီးပွားရေးလုပ်ငန်းများကို လွှမ်းမိုးသည့် ပြင်ပအကြောင်းအရာတစ်ခုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ မည်သည့်စီးပွားရေးလုပ်ငန်းမဆို နိုင်ငံ၏စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးဆိုင်ရာအခွန်အတုတ်များ၊ အခြေခံအဆောက်အအုံများ စသည်တို့သည် များစွာလွှမ်းမိုးမှုရှိသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ အများအပြားထွက်သောဒေသတစ်ခုတွင် လမ်း၊ တံတားဆက်သွယ်ရေးမကောင်းသည်ကို အစိုးရက ကတ္တရာလမ်းမကြီးတစ်ခု ဖောက်လုပ်ပေးခဲ့လျှင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူလာပြီး အဆိုပါဒေသမှ ထွက်ကုန်များသည် ကုန်ကျစရိတ်သက်သက်သာသာဖြင့် အခြားဒေသများသို့ ရောင်းချနိုင်သဖြင့် အဆိုပါဒေသမှာ စီးပွားရေးဖွံ့ဖြိုးလာသကဲ့သို့ ဒေသ၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စများပါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့နိုင်သည်။ သဖန်းဆိပ်ဆည်ကြောင့် ရွှေဘိုနယ်တစ်ဝိုက်တွင် ဆည်ရေသောက်လယ်မြေများ အများအပြားဖြစ်ပေါ်စေသဖြင့် အဆိုပါဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့သည်။ အခြားဥပမာတစ်ခုမှာ ကုန်စည်တစ်ခုကို အခွန်တိုးမြှင့်ကောက်ခံခြင်းကြောင့် အဆိုပါကုန်စည်၏ ကုန်ကျစရိတ်မြင့်တက်လာပြီး ရောင်းဝယ်မှုကို ထိခိုက်နိုင်သည်။ ဥပမာ-အရက်ရောင်းချမှုကို ပြည်ပမှတင်သွင်းမှုလျော့ကျစေလိုလျှင် အရက်တင်သွင်းသည့်အခွန်ကို တိုးမြှင့်ကောက်ခံခြင်းဖြင့် အရက်တင်သွင်းသည့်လုပ်ငန်းကို ကျဆင်းစေသည်။

❖ အကောက်ခွန်ကင်းမဲ့သည့်ကုန်စည်များ ဝင်ရောက်လာသည့်အခါ ပြည်တွင်းတွင်ထုတ်လုပ်သော အလားတူကုန်စည်များမှာ ပြိုင်ဆိုင်မှု ပိုမိုများပြားလာသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ကျဆင်းစေခြင်း၊ ဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်လာသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်သူများမှာ ပိုမိုကောင်းမွန်သောကုန်ပစ္စည်းများထုတ်လုပ်ပြီး ဈေးလျှော့ချရောင်းရခြင်းမျိုးများ ကြုံတွေ့လာရကာ အခက်အခဲများ များပြားလာတတ်သည်။ ❖

**ဥပဒေဆိုင်ရာကိစ္စများ**

မည်သည့်နိုင်ငံမဆို စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့်ဥပဒေများကို ထုတ်ပြန်ပြီး စီးပွားရေးလုပ်ငန်းများကို ကာကွယ်ခြင်း၊ အကျိုးစီးပွားကို မထိခိုက်အောင်ထိန်းသိမ်းပေးခြင်းများ ဆောင်ရွက်ကြသည်။ စီးပွားရေးနှင့်သက်ဆိုင်သည့် ဥပဒေများကိုလည်း သီးခြားပြဋ္ဌာန်းပြီး ထုတ်ပြန်ဆောင်ရွက်တတ်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတွင် ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းအားလုံးတွင် အဆိုပါနိုင်ငံ၏ဥပဒေများကို လေးစားလိုက်နာကြရသည်။ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့ နိုင်ငံမျိုးတွင် အစားအသောက်များနှင့် ပတ်သက်ပါက ဟာလာဆိုင်ရာဥပဒေကို လိုက်နာကြရသည်။ အဆိုပါနိုင်ငံများသို့ အစားအသောက်များ တင်သွင်းမည်ဆိုပါက ထိုနိုင်ငံက အသိအမှတ်ပြုထားသော Halal Certificate ပါရှိမှသာ တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် အခြားနိုင်ငံများမှ တင်သွင်းသော စားသောက်ကုန်များနှင့်ပတ်သက်လျှင် ပိုးသတ်ဆေးကြွင်းပါဝင်မှု၊ ဓာတုပစ္စည်းပါဝင်မှု၊ ပိုးမွှားပါဝင်မှု စသည့်ကိစ္စများတွင် အထူးတလည်တင်းကြပ်ထားသည့်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားတတ်သည်။ ဂျပန်နိုင်ငံတွင်လည်း အစားအသောက်ကုန်ထုတ်လုပ်မှုများကို ဥပဒေဖြင့် တိတိကျကျဆောင်ရွက်ခြင်းကြောင့် ဂျပန်နိုင်ငံသူ၊ နိုင်ငံသားများသည် ကျန်းမာရေးကောင်းမွန်တိုးတက်လာပြီး အသက်ရှည်သူများ အလွန်များပြားလာသည်ဟု ဆိုကြသည်။ ကုန်ပစ္စည်းများတင်ပို့မှု၊ တင်သွင်းမှုများနှင့်ပတ်သက်၍လည်း ဥပဒေများထားရှိပြီး ဆောင်ရွက်ကြရသည်။ အထူးသဖြင့် ကုန်စည်နှင့်ပတ်သက်လျှင် အကောက်ခွန်လုပ်ငန်းနှင့် အကောက်ခွန်ဥပဒေသည် မိမိနိုင်ငံမှ မလိုလားအပ်သောကုန်စည်များ ဝင်ရောက်လာခြင်းမရှိစေရန် တားဆီးထားသည့် တံတိုင်းကြီးဖြစ်သည်။

၂၀ ရာစုတွင် နိုင်ငံများသည် ကုန်သွယ်မှုကို သီးခြားစီဆောင်ရွက်ကြရာမှ လွတ်လပ်စွာကုန်သွယ်ရေးနယ်မြေများ (Free Trade Area) ထူထောင်ပြီး နိုင်ငံနှစ်ခု၊ သုံးခု စသည်ဖြင့် ပူးပေါင်းပြီး အကောက်ခွန်ကင်းမဲ့သည့် ကူးသန်းရောင်းဝယ်မှုများကို ဆောင်ရွက်လာကြသည်။ ထိုသို့ အကောက်ခွန်ကင်းမဲ့သည့် ကုန်စည်များ ဝင်ရောက်လာသည့်အခါ ပြည်တွင်းတွင် ထုတ်လုပ်သော အလားတူကုန်စည်များမှာ ပြိုင်ဆိုင်မှု ပိုမိုများပြားလာသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ကျဆင်းစေခြင်း၊ ဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်လာသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်သူများမှာ ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းများထုတ်လုပ်ပြီး ဈေးလျှော့ချရောင်းရခြင်းမျိုးများ ကြုံတွေ့လာရကာ အခက်အခဲများ များပြားလာတတ်သည်။ ထို့ကြောင့် အကောက်ခွန်တံတိုင်းကို နှိမ့်လိုက်ချိန်တွင် အခြားသောတံတိုင်းတစ်ခုဖြင့် ပြည်တွင်းကုန်စည်များကို ကာကွယ်ရန်လိုအပ်လာသဖြင့် အရည်အသွေးစံချိန်စံညွှန်းများဖြင့် ထိန်းသိမ်းကာကွယ်မှုများကို ဆောင်ရွက်ကြရသည်။ ဂျပန်နိုင်ငံ၏တင်သွင်းမှုဆိုင်ရာဥပဒေများတွင် တင်သွင်းလာသောစားသောက်ကုန်များ၌ ဓာတုဆေးကြွင်းပါဝင်မှု၊ အပင်ရောဂါပိုးမွှားပါဝင်မှုများကို အရည်အသွေးတိုးမြှင့်သတ်မှတ်ထားခြင်းသည် တင်သွင်းကုန်များကို ဒုတိယတံတိုင်းဖြင့်ပါ တားဆီးထားခြင်းဖြစ်သည်။

**လူမှုရေးဆိုင်ရာတာဝန်ခံမှုများ**

စီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်လာပြီး အမြတ်များရရှိလာကြသည့်အခါတွင် အမြတ်သည် ပိုင်ဆိုင်သူနှင့်သာသက်ဆိုင်သည်ဖြစ်သည်။ သို့ရာတွင် ယခုနောက်ပိုင်း အဆိုပါစီးပွားရေးပုံစံများ၌ ရရှိလာသောအမြတ်များသည် ပိုင်ဆိုင်သူနှင့်သာ သက်ဆိုင်ခြင်းမျိုးမဟုတ်ဘဲ စားသုံးသူများ၊ ပါဝင်ပတ်သက်သူများ (Stakeholders) နှင့်ပါ သက်ဆိုင်သည်ဟူသော အယူအဆများ ပေါ်ပေါက်လာသည်။ အဆိုပါအယူအဆအရ စီးပွားရေးလုပ်ငန်းရှင်သည် ရရှိလာသောအကျိုးအမြတ်များကို အစုရှယ်ယာရှင်များအား ခွဲဝေပေးခြင်းအပြင် စားသုံးသူများနှင့် အခြားသောသူများအားလုံးအတွက်ပါ လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် တာဝန်ခံရန် တာဝန်ရှိလာသည်။ ဆိုလိုသည်မှာ ဟိုတယ်တစ်ခုသည် ကမ်းခြေတစ်ခုတွင် တည်ဆောက်ထားပြီး အကျိုးအမြတ်များရရှိလာသည့်အခါတွင် အဆိုပါဟိုတယ်သို့ လာရောက်တည်းခိုသူများ၊ ဟိုတယ်ပတ်ဝန်းကျင်တွင် နေထိုင်သည့်ဒေသခံများ၊ ဟိုတယ်တည်ရှိသည့်ကမ်းခြေနှင့် ပင်လယ်ပြင် စသည်တို့ကိုပါ ပြန်လည်အကျိုးပြုပေးရန် တာဝန်ရှိသည်။ ဟိုတယ်လာရောက်တည်းခိုသူများအတွက် ဝန်ဆောင်မှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းမျိုးကိုလည်းကောင်း၊ ဟိုတယ်တည်ရှိသည့်ဒေသမှ လူငယ်များ ပညာရေးပိုမိုကောင်းမွန်လာစေရေးအတွက် စာသင်ကျောင်း ဆောက်လုပ်ပေးခြင်းမျိုးကိုသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် အစိုးရက လမ်းဖောက်လုပ်လျှင် ပါဝင်ခြင်းမျိုးကိုသော်လည်းကောင်း၊ ဟိုတယ်တည်ရှိရာကမ်းခြေနှင့် ပင်လယ်ပြင်တွင် သန့်ရှင်းသာယာရန် သစ်ပင်များ စိုက်ပျိုးပေးခြင်းနှင့် အမှိုက်သရိုက်များ မရှိစေရေး တာဝန်ယူဆောင်ရွက်ပေးခြင်းကိုသော်လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြင့် လူမှုရေးတာဝန်ယူမှု၊ တာဝန်ခံမှုများကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ထိုကဲ့သို့ လူမှုရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းသည် မိမိလုပ်ငန်းကို သွယ်ဝိုက်ပြီး အကျိုးပြုခြင်းများဖြစ်ပေါ်စေသည်။ လူမှုရေးတာဝန်ခံမှုလုပ်ငန်းများကိုကြည့်လျှင် အရိုးရှင်းဆုံးလုပ်ငန်းမှာ လှူဒါန်းခြင်းလုပ်ငန်းများဖြစ်သည်။ ဘာသာရေးလုပ်ငန်းများအတွက် လှူဒါန်းခြင်းမျိုးသည်ပင် မိမိ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မင်းဘူးခရိုင် မြို့နယ်ငါးမြို့နယ်တွင် နွေစပါး ၂၆၄၃ ဧက စိုက်ပျိုးနိုင်ခဲ့

**မင်းဘူး မေ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မြို့နယ်ငါးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၆၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

မင်းဘူးခရိုင်အတွင်း မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၆၄၃ ဧကစိုက်ပျိုးရန် လျာထားပြီး မတ်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါး ၂၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းဘူးခရိုင်အတွင်း ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ နွေစပါး စိုက်ပျိုးနိုင်မှုမှာ မင်းဘူးမြို့နယ်မှာ နွေစပါး ၁၄၂ ဧက၊ ပွင့်ဖြူမြို့နယ်မှာ နွေစပါး ၂၉၆ ဧက၊ စလင်းမြို့နယ်မှာ နွေစပါး ၁၄၅ ဧက၊ ငဖဲမြို့နယ်မှာ နွေစပါး ၉၅၅ ဧက၊ စေတုတ္တရာမြို့နယ်မှာ နွေစပါး ၁၁၀၅ ဧက စုစုပေါင်းနွေစပါး ၂၆၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးသည့် တောင်သူများကို ရာသီဥတုဒဏ်ခံနိုင်ပြီး ရက်တိုတိုဖြင့် စိုက်ပျိုးထွက်ရှိမည့်စပါးမျိုးများကို စိုက်ပျိုးကြရန် ပညာပေးဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးသည့်စပါးမျိုးများကို စိုက်ပျိုးရေးဦးစီးဌာနက ဝယ်ယူစုဆောင်းကာဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဒေသက မဲဇလီဆည်ရေသောက်ဒေသ ဖြစ်တဲ့အတွက် နှစ်စဉ် သုံးသီးစားစိုက်ပျိုးကြပါတယ်။ ပြီးခဲ့တဲ့နှစ်က စပါးဈေးတွေကောင်းလာတဲ့အတွက် အခုနှစ်မှာ နွေစပါးကို ခြောက်ဧကကျော်ထိ တိုးပြီး စိုက်ပျိုးခဲ့ပါတယ်"ဟု မင်းဘူးမြို့နယ် ကျောက်စစ်ပုံကျေးရွာနေ စပါးစိုက်တောင်သူ ဦးမြင့်စိုးက ပြောပြသည်။ **မိုးထက်(မင်းဘူး)**



➤ **စာမျက်နှာ ၄ မှအဆက်**

စီးပွားရေးလုပ်ငန်းကို ပြန်လည်အထောက်အကူပြုတတ်သည်။ လွှမ်းမိုးမှုများရှိတတ်သည်။ ဒေသတွင်းရှိ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်း စသည်များတွင် လှူဒါန်းသည့်အခါတွင်ပင် ဒေသခံများက မိမိလုပ်ငန်းကို ပိုမိုလက်ခံလာခြင်း၊ လှူဒါန်းမှု၊ ကမ္ပည်းထိုးမှုများကြောင့် မိမိစီးပွားရေးလုပ်ငန်းကို ကြော်ငြာထားသကဲ့သို့ဖြစ်ခြင်း စသည့်အထောက်အကူများ ရရှိလာနိုင်သည်။ ပိုးသတ်ဆေးထုတ်လုပ်သည့်ကုမ္ပဏီသည် အကျိုးအမြတ်များကို ခွဲဝေသုံးစွဲရာတွင် လူမှုရေးတာဝန်ခံမှုအဖြစ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်သောသီးနှံများ ပိုမိုထွက်ရှိရေး၊ ပိုးသတ်ခြင်းဖြင့် လူများအန္တရာယ်မရှိအောင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို သင်ကြားပြသပေးခြင်း စသည့်ကိစ္စများကို ဆောင်ရွက်ပေးပါက မိမိကုမ္ပဏီအတွက်လည်း သွယ်ဝိုက်သောနည်းလမ်းများဖြင့် အကျိုးကျေးဇူးများ ပိုမိုရရှိလာနိုင်သည်။

**စီးပွားရေးကျင့်ဝတ်**

စီးပွားရေးလုပ်ငန်းများကို ပြင်ပမှလွှမ်းမိုးသည့်အချက်များတွင် နောက်ဆုံးအချက်ဟု ပြောရမည့်အချက်မှာ စီးပွားရေးကျင့်ဝတ်ပင်ဖြစ်သည်။ အချို့သောကိစ္စများတွင် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများဖြင့် စီးပွားရေးလုပ်ငန်းများကို ထိန်းကျောင်းထားသော်လည်း အစိုးရနှင့် စားသုံးသူက ရုတ်တရက်မသိရှိနိုင်သောကိစ္စများကို မကောင်းမှန်းသိလျှင် စီးပွားရေးလုပ်ငန်းရှင်က ရှောင်ကြဉ်ခြင်းသည် စီးပွားရေးကျင့်ဝတ်ကို လိုက်နာခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အစားအသောက်များကို ဘေးအန္တရာယ်ကင်းအောင်ဆောင်ရွက်ခြင်းသည် အစားအသောက်ထုတ်လုပ်ရောင်းဝယ်သောလုပ်ငန်းရှင်တိုင်း၏ တာဝန်ဖြစ်သည်။ လုပ်ငန်းရှင်အနေဖြင့် အရည်အသွေးအနည်းငယ်လျှော့ချထုတ်လုပ်ခြင်း၊ အလေးချိန်အနည်းငယ်လျှော့ချထုတ်လုပ်ခြင်းများသည် ရုတ်တရက်အားဖြင့် စားသုံးသူများအတွက် ထိခိုက်မှုမရှိသယောင်ဖြစ်သော်လည်း လုပ်ငန်းရှင်ဘက်က မပြုလုပ်သင့်သော စီးပွားရေးဆိုင်ရာကျင့်ဝတ်ဖောက်ဖျက်မှုမျိုးဖြစ်သည်။ အသေးဆုံးသော ဥပမာပြရလျှင် ဆိတ်သားခြောက်ဟုပြော၍ရောင်းချသည့် အသားခြောက်သည် ဆိတ်သားမစစ်လျှင်သော်လည်းကောင်း၊ ဈေးသက်သာသည့် အခြားအသားများကို ဆိတ်သားခြောက်ဟုပြော၍ ရောင်းလျှင်သော်လည်းကောင်း လိမ်လည်ခြင်း၊ စီးပွားရေးကျင့်ဝတ်ကို လိုက်နာမှုမရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် စားသုံးသူကာကွယ်ရေးဥပဒေတွင် ပါဝင်သည့်စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေအောင် ဆောင်ရွက်ခြင်းများသည်လည်း စီးပွားရေးကျင့်ဝတ်များကို မလိုက်နာခြင်းပင်ဖြစ်သည်။ အဆိုပါစီးပွားရေးကျင့်ဝတ်များကို သေချာစွာလိုက်နာပြီး နာမည်ကောင်းရလာသည့်အခါတွင် စားသုံးသူများ၏ယုံကြည်မှုကိုပါ တိုးတက်လာစေပြီး မိမိနာမည်ဂုဏ်သတင်းကောင်းလာကာ ဖောက်သည်များတိုးတက်၍ လုပ်ငန်းလည်း ပိုမိုအောင်မြင်လာမည်ဖြစ်သည်။ ယခုခေတ်တွင် Online မှ ပစ္စည်းရောင်းဝယ်မှုများ ပိုမိုလုပ်ကိုင်လာကြသည်နှင့်အမျှ မိမိရောင်းဝယ်သည့်ကုန်ပစ္စည်းသည် ပြောဆိုကြော်ငြာသည့်အတိုင်း အရည်အသွေး၊ အလေးချိန်၊ စံချိန်စံညွှန်းများပါ ကိုက်ညီမှုရှိသည့် တာဝန်ခံမှု၊ တာဝန်ယူမှုများရှိရန် လိုအပ်သည်။ တန်ဖိုးကြီးမားသည့်ပစ္စည်းများဆိုလျှင် အရည်အသွေးပိုင်းမှန်ကန်ရေးနှင့် ရောင်းသူက တာဝန်ခံရေးသည် အလွန်အရေးကြီးသည်ကို သတိပြုရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများသည် နာမည်ဂုဏ်သတင်းကောင်းမွန်ရန် အလွန်အရေးကြီးသဖြင့် ရောင်းချသည့်ကုန်ပစ္စည်းနှင့်ပတ်သက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိခြင်း၊ စီးပွားရေးကျင့်ဝတ်များကောင်းမွန်ခြင်း၊ ဖောက်သည်များ၏ယုံကြည်မှုကိုရရှိခြင်းတို့သည် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများအပေါ် သက်ရောက်မှု၊ လွှမ်းမိုးမှုကြီးမားသောကိစ္စများဖြစ်သဖြင့် အကျိုးအမြတ်ရရှိရေးတစ်ခုတည်းသာ အာရုံစိုက်ဆောင်ရွက်၍ မရနိုင်သည်ကို သတိပြုရန်လိုအပ်သည်။ ပညာရှိသတိဖြစ်ခဲဆိုသကဲ့သို့ ယခုဖော်ပြထားသော ပြင်ပလွှမ်းမိုးမှုများကို သတိပြုဆင်ခြင်ပြီး ရိုးသားခြင်း၊ ကြိုးစားခြင်း၊ ဖောက်သည်အပေါ် သစ္စာရှိခြင်း စသည့်အချက်များကိုလုပ်ဆောင်ကာ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုများရရှိပါစေကြောင်း ရေးသားလိုက်ရပါသည်။

# အလှမျက်နှာစာ

\- ဤလောက၌
ကြုံရတစ်မူ ရုပ်ဆိုးသူလည်း
ခံယူကျင့်မြတ် လှပတတ်၏။

\- ပြာပုံထဲက
ဆင်းရဲငြင်ပြို တချို့ဆိုလည်း
ကုသိုလ်ချမ်းသာ ကြွယ်တတ်ပါ၏။

\- သားရေညစ်ထူ မည်းနက်သူလည်း
လှိုင်ကြူအပြုံး ပန်းနှယ်ကုံးလျက်
နှလုံးဖြူစင် ကြုံဖူးမြင်၏။

\- ကြမ္မာရက်စက် ဖန်လာချက်ကြောင့်
ခြေလက်အင်္ဂါ ချို့တဲ့ရှာလည်း
ခိုင်မာဇွဲမာန် လူသားစံနှင့်
မသန်သော်တည့် စွမ်းရာရှိ၏။

\- လောကပန်းချီ လူကိုယ်စီ၌
ကောင်းသည်လည်းရှိ ဆိုးသည်ရှိမို့
ရှိသည်နှစ်ချက် ထိုအနက်မှ
ဆိုးကွက်ကိုလျှော့ ကောင်းကွက်ပေါ်အောင်
ထုတ်ဖော်သိမှတ် ညွှန်းဆိုတတ်က
လူနတ်ထိုထို ကောင်းခြင်းဆိုလိမ့်
ကိုယ်လည်းကြည်လင် သူလည်းရွှင်လျက်
ပွဲတင်လှိုင်းခတ် အကြည်ဓာတ်ဖြင့်
လွှမ်းပတ်ကမ္ဘာ ထာဝရ။
မြင်မြင်သမျှ ရှုတိုင်းလှ။ ။

**ချစ်စုအောင်**

# တောင်ကြီးမြို့နယ် ဘန့်ကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး မေ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေများ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို မေ ၅ ရက် နံနက်ပိုင်းက နန်းဟောင်းကျေးရွာအုပ်စု ဘန့်ကွဲကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဘန့်ကွဲကျေးရွာတွင် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသည့်တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်းသက်သာစွာ ချေးငွေများ ပံ့ပိုးပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သိင်္ဂီက နေကြာအပါအဝင် အခြားသော ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၀၃ သိန်းကို စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘန့်ကွဲကျေးရွာတွင် နေကြာအပါအဝင် အခြားသောဆီထွက်သီးနှံ ၁၀၁ ဧက စိုက်ပျိုးမည့်တောင်သူဦးရေ ၅၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# နိုင်ငံတကာ သတင်းများ

# ချားလ်ဘုရင်-၃ နန်းတက်ပွဲအခမ်းအနားကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဝက်စ်မင်စတာဘုရားကျောင်း၌ ကျင်းပ



**လန်ဒန် မေ ၆**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဝက်စ်မင်စတာ ဘုရားကျောင်း၌ ချားလ်ဘုရင်-၃၏ နန်းတက်ပွဲ အခမ်းအနားကို ယနေ့တွင် ခမ်းနားစွာကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံ၏ ရှေးအစဉ်အလာများနှင့်အညီ ကျင်းပခဲ့သည့်အဆိုပါ နန်းတက်ပွဲအခမ်းအနား၌ ချားလ်ဘုရင်-၃ စိန့်အက်ဒ်ဝပ်သရဖူကို လက်ခံဝတ်ဆင်ခြင်းဖြင့် ဗြိတိန်ထီးနန်းကို တရားဝင်ဆက်ခံခဲ့သည်။

ချားလ်ဘုရင်-၃၏ နန်းတက်ပွဲ အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များအပါအဝင် အထူးဧည့်သည်တော်ဦးရေ ၂၀၀၀ကျော် တက်ရောက်ခဲ့သည်။

ဝက်စ်မင်စတာဘုရားကျောင်း ပြင်ပတွင်မူ ဗြိတိန်ပြည်သူထောင်ပေါင်းများစွာတို့က ချားလ်ဘုရင်-၃ နန်းတက်ပွဲအခမ်းအနားကို စောင့်ဆိုင်းကြည့်ရှုခဲ့ကြသည်။

ချားလ်ဘုရင်-၃ ၏ နန်းတက်ပွဲသည် ဗြိတိန်ပြည်သူများအတွက် နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံး ဗြိတိန်ဘုရင်နန်းတက်ပွဲဖြစ်သည်။

ဝက်စ်မင်စတာနန်းတော်၌ ကျင်းပခဲ့သည့် နန်းတက်ပွဲပြီးဆုံးပြီးနောက် ဆက်လက်ကျင်းပခဲ့သည့်ချီတက်ပွဲတွင် စစ်တီးဝိုင်း ၁၉ ဝိုင်းနှင့်ဗြိတိန်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀ထိ ပါဝင်ခဲ့ကြသည်။

ချားလ်ဘုရင်-၃ သည် ဗြိတိန်ဘုရင်မအဲလစ်ဇဘတ်-၂ နတ်ရွာစံပြီးနောက် ပြီးခဲ့သည့်နှစ်အတွင်းကပင် ဗြိတိန်ထီးနန်းအရိုက်အရာကို ရရှိခဲ့ကြောင်း သိရသည်။ KKO

# ကိုဗစ်-၁၉ ရောဂါ နိုင်ငံတကာအရေးပေါ်အခြေအနေ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြန်လည်ရုပ်သိမ်း

**ဂျီနီဗာ မေ ၆**

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) သည် ကိုဗစ်-၁၉ ကူးစက်ရောဂါအတွက် သတ်မှတ်ကြေညာထားသော နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေကို မေ ၅ ရက်တွင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

WHO သည် ကိုဗစ်-၁၉ ရောဂါ နိုင်ငံတကာ ကျန်းမာရေး အရေးပေါ်ကြေညာချက်ကို စတင်ကြေညာခဲ့ပြီး သုံးနှစ်ကျော်အကြာတွင် ပြန်လည်ရုပ်သိမ်းပေးခဲ့ခြင်းဖြစ်သည်။

WHO ၏အရေးပေါ်ကော်မတီသည် မေ ၄ ရက်တွင် အစည်းအဝေးကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ နိုင်ငံတကာအရေးပေါ် အခြေအနေကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန် WHO ကို အကြံပြုခဲ့သည်။

သို့ဖြစ်ရာ အရေးပေါ်ကော်မတီ၏ အကြံပြုချက်အရ ကိုဗစ်-၁၉ ကို နိုင်ငံတကာကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ်မှ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း WHO ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အက်ဒ်ဟာနွမ်ဂျီဘရီယေးဆပ်က ယနေ့တွင် ကြေညာခဲ့သည်။

WHO သည် ကိုဗစ်-၁၉အတွက် နိုင်ငံတကာကျန်းမာရေးအရေးပေါ် အခြေအနေကြေညာချက်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် စတင်ကြေညာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ အတွက် နိုင်ငံတကာ ကျန်းမာရေးအရေးပေါ် အခြေအနေ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သော်လည်း ယင်းရောဂါမှာ ကမ္ဘာ့ပြည်သူတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နိုင်ဆဲဖြစ်ကြောင်း WHO အကြီးအကဲက သတိပေးခဲ့သည်။

KKO

# ဗြိတိသျှဓနသဟာယအဖွဲ့မှ ဘီလစ်ဇ်နိုင်ငံနုတ်ထွက်

**ဘယ်လ်မိုပင် မေ ၆**

ဘီလစ်ဇ်နိုင်ငံသည် ဗြိတိန်၏ ဓနသဟာယအုပ်စုမှ နုတ်ထွက်၍ ပြည်သူ့သမ္မတနိုင်ငံအဖြစ် ရပ်တည်မည့် နိုင်ငံတစ်နိုင်ငံထပ်မံဖြစ်လာနိုင်ကြောင်း ရိုက်တာသတင်းဌာနက မေ ၅ ရက်တွင် ဖော်ပြခဲ့သည်။

ဘီလစ်ဇ်နိုင်ငံအနေဖြင့် ဓနသဟာယအုပ်စုမှ နုတ်ထွက်၍ သမ္မတနိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ခြေရှိကြောင်း ဘီလစ်ဇ်ဝန်ကြီးချုပ် ဂျွန်နီဘရစ်ဆီနိုက မေ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဗြိတိန်ဘုရင် ချားလ်-၃ နန်းတက်ပွဲ မကျင်းပမီ ရက်ပိုင်းအလိုမှာပင် ဘီလစ်ဇ်ဝန်ကြီးချုပ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘီလစ်ဇ်ကဲ့သို့ပင် ဘဟားမားစ်ကျွန်းနိုင်ငံ၊ အန်တီဂွါနှစ်၊ ဘာမြူဒါကျွန်းနိုင်ငံတို့သည်လည်း ဓနသဟာယအဖွဲ့မှ နုတ်ထွက်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ထို့အတူ ဘာဘေးဒိုးစ် ကျွန်းနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင်လည်းကောင်း၊ ဒိုမီနီကာနိုင်ငံသည် ၁၉၇၈ ခုနှစ်တွင်လည်းကောင်း၊ ထရီနီဒက်နှင့် တိုဘာကိုနိုင်ငံသည် ၁၉၇၆ ခုနှစ်တွင်လည်းကောင်း ဓနသဟာယအုပ်စုမှ နုတ်ထွက်၍ သမ္မတနိုင်ငံများအဖြစ် ပြောင်းလဲရပ်တည်ခဲ့ကြသည်။

လက်ရှိအချိန်တွင် ဓနသဟာယနိုင်ငံများအသင်း၌ နိုင်ငံပေါင်း ၅၆ နိုင်ငံပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံအများစုမှာ တစ်ချိန်က ဗြိတိသျှကိုလိုနီနယ်မြေများဖြစ်ခဲ့သည့် နိုင်ငံများဖြစ်ကြကြောင်း သိရသည်။ KKO




# ပြည်သူများ မော်တော်ယာဉ်အစားစက်ဘီးကို ပိုမိုအသုံးပြုနိုင်ရန် ယူရိုငွေ နှစ်ဘီလီယံထိ သုံးစွဲရန် ပြင်သစ်အစိုးရစီစဉ်



**ပဲရစ် မေ ၆**

ပြည်သူများ မော်တော်ယာဉ်များအစား စက်ဘီးများသုံးစွဲနိုင်မှုကိုမြှင့်တင်ရေးအတွက် ယူရိုငွေနှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ)သုံးစွဲရန် ပြင်သစ်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၅ ရက်တွင် ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံ အနေဖြင့် တစ်နိုင်ငံလုံးရှိ စက်ဘီးလမ်းများ အရှည်ကို နှစ်ဆတိုးချဲ့ရေးအတွက် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်ကြားကာလအတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၅၀ စီ သုံးစွဲမည်ဖြစ်ကြောင်း ပြင်သစ် သယ်ယူပို့ဆောင်ရေးဝန်ကြီး ကလီးမင့်ဗျူနေးက တွစ်တာစာမျက်နှာ၌ အတည်ပြုကြေညာထားသည်။

ပြင်သစ်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း စက်ဘီးလမ်းအရှည်ကို လက်ရှိကီလိုမီတာ ၅၀၀၀မှ ၂၀၂၇ ခုနှစ်တွင် ကီလိုမီတာ ၈၀၀၀ ထိ ထပ်တိုးရန်နှင့် ၂၀၃၀ ပြည့်နှစ် အရောက်တွင်ကီလိုမီတာ၁၀၀၀၀၀ ထိ ချဲ့ထွင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ထို့နည်းတူ ပြည်သူများစက်ဘီး ဝယ်ယူစီးနင်းနိုင်ရေးအတွက် ကူညီရာတွင် ယူရိုငွေ သန်း ၅၀၀ ခန့် သုံးစွဲရန်လည်း ပြင်သစ်အစိုးရက စီစဉ်ထားသည်။

လူတိုင်း အလွယ်တကူအသုံးပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် မော်တော်ယာဉ်များနေရာတွင် စက်ဘီးများကို ပြည်သူများ ပိုမိုအစားထိုး အသုံးပြုလာရန် မိမိတို့လိုလားကြောင်း ပြင်သစ် သယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

စက်ဘီးလမ်းများ တိုးချဲ့ရေး အစီအစဉ်ကို ပြည်နယ်မြို့ကြီးများနှင့် ကျေးလက်ဒေသများ၌ ဦးစားပေး အကောင်အထည်ဖော်ရန် ပြင်သစ်အစိုးရက စီစဉ်ထားကြောင်း သိရသည်။ KKO

# အမေရိကန် အက်ဖ်-၁၆ တိုက်လေယာဉ် တောင်ကိုရီးယားနိုင်ငံ၌ ပျက်ကျ

**ဆိုးလ် မေ ၆**

အမေရိကန်စစ်ဘက်ကိုရီးယားစစ်ဌာနချုပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်တစ်စင်းသည် အိုဆန် လေတပ်စခန်းအနီး လယ်တောတစ်ခုပေါ်သို့ ယနေ့တွင် ပျက်ကျခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျစဉ် လေယာဉ်မှူးမှာ ဘေးကင်းလုံခြုံစွာ ခုန်ထွက်နိုင်ခဲ့ပြီး မြေပြင်ပေါ်တွင်လည်း လူသူအထိအခိုက် မရှိခဲ့ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့၏ အဆိုအရသိရသည်။

အဆိုပါ အက်ဖ်-၁၆ တိုက်လေယာဉ်သည် ပျက်ကျပြီးနောက် မီးလောင်ကျွမ်းခဲ့ရာ လေယာဉ်တစ်စင်းလုံးနီးပါးပျက်စီးခဲ့ကြောင်း တောင်ကိုရီးယား မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပျက်ကျခဲ့သော အက်ဖ်-၁၆ တိုက်လေယာဉ်သည် အမေရိကန် လေတပ် အမှတ်-၈ တိုက်လေယာဉ်အုပ်စုမှလေယာဉ်တစ်စင်းဖြစ်သည်။ ၎င်းတိုက်လေယာဉ်သည် လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် အိုဆန် လေတပ်စခန်းအနီး ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အိုဆန် လေတပ်စခန်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် အနီးဆုံး အမေရိကန် လေတပ်စခန်းဖြစ်ပြီး မြောက်ကိုရီးယားနယ်စပ်နှင့် မိုင် ၄၀ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## လတ်ဗီးယားအစိုးရကို Naval Strike Missile Coastal Defense System ရေတပ်သုံး ကမ်းရိုးတန်းဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ဆက်စပ်ပစ္စည်းများရောင်းချမှု အမေရိကန်အတည်ပြု



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် လတ်ဗီးယားအစိုးရကို Naval Strike Missile Coastal Defence System ရေတပ်သုံး ကမ်းရိုးတန်းဒုံးကျည်ကာကွယ်ရေးစနစ်နှင့်ဆက်စပ်ပစ္စည်းများကို ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၁၁၀ ဖြင့် နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို အတည်ပြုပေးခဲ့ကြောင်း မေ ၃ ရက်တွင် အမေရိကန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

လတ်ဗီးယားအစိုးရသည် နည်းဗျူဟာမြောက်နှင့် လေ့ကျင့်ရေးဒုံးကျည်များ၊ ကွန်တိန်နာများ၊ ယာဉ်တင်စစ်ဆင်ရေးသုံးစနစ်များ၊ ပေါင်းစပ်ကိရိယာများ၊ အမြောက်လက်နက်ကိုင်တွယ်ရေးကိရိယာ (OHE)၊ လေ့ကျင့်ရေးကိရိယာများနှင့် အကူအညီများ၊ နည်းပညာဆိုင်ရာစာစောင်များနှင့်အချက်အလက်၊ လေ့ကျင့်သင်တန်းပေးရေး၊ အပိုပစ္စည်းများ၊ အမေရိကန်အစိုးရမှ နည်းပညာနှင့် ထုတ်ကုန်ပံ့ပိုးမှု သို့မဟုတ် အကူအညီ၊ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ပရိုဂရမ်ပံ့ပိုးမှုဆိုင်ရာ အခြားဆက်စပ်အစိတ်အပိုင်းများ အပါအဝင် Naval Strike Missile Coastal Defence System (NSM CDS) စနစ်ကို ဝယ်ယူခွင့်ပြုရန်တောင်းဆိုထားသည်။ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြစ်သည်။

အဆိုပါရောင်းချမှုသည် ဘောလ်တစ်ပင်လယ် ရေကြောင်းပိုင်နက်အတွင်း လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်ရန် လတ်ဗီးယားနိုင်ငံ၏ စွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ လတ်ဗီးယားနိုင်ငံ၏ ကမ်းရိုးတန်းကာကွယ်ရေးစွမ်းရည်တိုးမြှင့်လာမှု၊ အမေရိကန်နှင့် NATO မဟာမိတ်လက်နက်ကိုင်တပ်ဖွဲ့များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုသည် ဘောလ်တစ်ဒေသရှိ အမေရိကန်နှင့် လတ်ဗီးယားနိုင်ငံတို့ကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာရည်မှန်းချက်များအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်သည်။ လတ်ဗီးယားအနေဖြင့်လည်း အဆိုပါလက်နက်စနစ်ကိရိယာများကို လက်နက်ကိုင်တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်ရာတွင် တာဝန်ထမ်းဆောင်နိုင်မှုအပိုင်း၌ အခက်အခဲမရှိနိုင်ပါ။

ရေတပ်သုံး Naval Strike Missile ဒုံးကျည်သည် နော်ဝေကုမ္ပဏီ Kongsberg Defense & Aerospace (KDA) က ထုတ်လုပ်သည့် သင်္ဘောဖျက်နှင့်မြေပြင်တိုက်ခိုက်ရေး ဒုံးကျည်အမျိုးအစားဖြစ်သည်။ မူလက Nyttsjømålsmissil (ပင်လယ်ပြင်ပစ်မှတ်ဒုံးဟု အဓိပ္ပာယ်ရသော) ၎င်းဒုံးကျည်သည် Penguin ဟု အမည်ဖြင့် အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် Naval Strike Missile ဟူသောအမည်ဖြင့် ဈေးကွက်တင်ရောင်းချခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်ထိ နော်ဝေ၊ ပိုလန်၊ မလေးရှား၊ ဂျာမနီ၊ အမေရိကန်၊ ဂျပန်၊ ရိုမေးနီးယား၊ ကနေဒါ၊ ဩစတြေးလျနှင့် စပိန်နိုင်ငံတို့အပါအဝင် နိုင်ငံတော်တော်များများက ဝယ်ယူထားကြပြီးဖြစ်သည်။

NSM ဒုံးကျည်တွင် Booster အားမြှင့်ကိရိယာအပါ ကီလိုဂရမ် ၄၀၀ နှင့် Booster မပါဘဲ ကီလိုဂရမ် ၃၅၀ အလေးချိန်ရှိသည်။ ၎င်းသည် အားမြှင့်ကိရိယာနှင့်ဆိုလျှင် အလျား ၃ ဒသမ ၉၆ မီတာ(၁၃ ပေ)ရှည်လျားပြီး ဒုံးကျည်သီးသန့်ကိုယ်ထည်သည် အလျား ၃ ဒသမ ၈၄ မီတာ(၁၁ ပေ ငါးလက်မ) ရှည်လျားသည်။ ဒုံးကျည်၏အနံမှာ မီလီမီတာ ၇၀၀ (နှစ်ပေ လေးလက်မ)ရှိပြီး တောင်ပံတပ်ထားသည့်အခါ ၁ ဒသမ ၃၆ မီတာ(လေးပေခြောက်လက်မ) ရှိသည်။ ၎င်းတွင် ကီလိုဂရမ် ၁၂၀ အလေးချိန်ရှိ ထိန်းချုပ်ထားသော လွင့်စဉ်ပေါက်ကွဲယမ်းများပါ ထိပ်ဖူး (Controlled Fragmentation War-head)တပ်ဆင်ထားပြီး တိုက်တေနီယမ်အဖုံးအတွင်း ထည့်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

NSM ဒုံးကျည်၏ တွန်းကန်အားစနစ်သည် Solid Rocket Booster ဖြင့် မြှင့်တင်ပေးသည့် Microturbo TRI-40 တာဘိုဂျက်အင်ဂျင်မျိုးဖြစ်သည်။ NSM ဒုံးကျည်သည် ထိရောက်အကွာအဝေး ကီလိုမီတာ ၂၀၀ ထိ ပျံသန်းတိုက်ပွဲဝင်နိုင်ပြီး NSM 1A အဆင့်မြှင့်ဗားရှင်းတွင် အကွာအဝေးကီလိုမီတာ ၂၅၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။

၎င်းသည် ပင်လယ်ရေမျက်နှာပြင်ပေါ် ရှပ်ပြေးပျံသန်းတိုက်ခိုက်နိုင်ပြီး အမြင့်ဆုံးအမြန်နှုန်း Mach 0.93 ရှိသည်။ လမ်းညွှန်ထိန်းကျောင်းမှုစနစ်တွင် GPS အကူအညီဖြင့် INS (GAINS)၊ လေဆာရောင်ခြည်သုံး အမြင့်ရှာစနစ်နှင့် TER-COM လမ်းညွှန်စနစ်တို့ အသုံးပြုထားသည်။ ဒုံးကျည်ကို ရေတပ်သင်္ဘောများနှင့် မြေပြင်အခြေစိုက် ဒုံးပစ်လောင်ချာယာဉ်များမှ တပ်ဆင်ပစ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**US approves sale to Latvia of Naval Strike Missile Coastal Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## တူရကီနိုင်ငံက ဒရုန်းဖြင့်ပစ်လွှတ်နိုင်သည့် အသေးစားခရုဇ်ဒုံးကျည်ကို ထုတ်ဖော်ပြသ

တူရကီနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Baykar သည် ဒရုန်းဖြင့်ပစ်လွှတ်နိုင်သည့် အလိုအလျောက် ထိန်းကျောင်းပျံသန်းနိုင်သော အသေးစားခရုဇ်ဒုံးကျည်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့သည်ဟု ကာကွယ်ရေးသတင်းရင်းမြစ်များက မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့ကြသည်။

Baykar ကုမ္ပဏီသည် ၎င်း၏ Bayraktar Akinci၊ TB2 နှင့် TB3 တိုက်ခိုက်ရေးဒရုန်းများတွင် တပ်ဆင်အသုံးပြုရန်အတွက် Bayraktar Kem-ankes ခရုဇ်ဒုံးကျည်ကိုတီထွင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ Bayraktar Kemankes ခရုဇ်ဒုံးကျည်တွင် ဉာဏ်ရည်တုပံ့ပိုးပေးသည့် အော်တိုလေကြောင်းပျံသန်းမှုနည်းပညာစနစ်ပါရှိပြီး တစ်ဆက်တစ်စပ်တည်း တစ်နာရီကြာပျံသန်းနိုင်စွမ်းရှိသည်။

ခရုဇ်ဒုံးကျည်၏ Artificial Intelli-gence Assisted Optical Guidance System အသိဉာဏ်တုသုံး Optical ထိန်းကျောင်းရေးစနစ်သည် စိန်ခေါ်မှုအခြေအနေများအောက်တွင်ပင် ပစ်မှတ်များကို တိကျပြတ်သားစွာ စိစစ်ခွဲခြားဖော်ထုတ်ပြီး တိုက်ပွဲဝင်နိုင်စေရန်ကူညီပေးကြောင်း Baykar ကုမ္ပဏီ၏အဆိုအရ သိရသည်။

Bayraktar Kemankes ခရုဇ်ဒုံးကျည်သည် နေ့ရောညပါ တိုက်ပွဲဝင်နိုင်သည့် ဒုံးကျည်အမျိုးအစားဖြစ်ပြီး ရန်သူ၏ ပြင်းထန်သောနှောင့်ယှက်လိုင်းဖိဖျက်ဟန့်တားမှုများအပေါ် ကျော်လွှားတိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

Bayraktar Kemankes ဒုံးကျည်၏ ပထမဆုံးစမ်းသပ်ပျံသန်းမှုကို နှစ်လအတွင်းပြုလုပ်သွားနိုင်ရန် စီစဉ်ထားပြီး ယခုနှစ်ကုန်တွင် စီးရီးလိုက်ထုတ်လုပ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း Defense Express သတင်းဌာနက အစီရင်ခံရေးသားတင်ပြထားသည်။

Bayraktar Kemankes ခရုဇ်ဒုံးကျည်သည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၇၂၀ နှင့် ခရုဇ်ပုံမှန်အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၃၆၀ ဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်သည်။

ဒုံးကျည်အလျား ၅ ဒသမ ၆၇ ပေ၊ အလေးချိန်ကီလိုဂရမ် ၃၀ ရှိပြီး ဒုံးကျည်တွင် ခြောက်ကီလိုဂရမ်ရှိ ထိပ်ဖူးတပ်ဆင်ထားသည်။ တိုက်ပွဲဝင်နိုင်သော အကွာအဝေးစွမ်းဆောင်ရည်အနေဖြင့် ကီလိုမီတာ ၂၀၀ နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်သော အကွာအဝေး ကီလိုမီတာ ၅၀ ဖြစ်သည်။




Baykar ကုမ္ပဏီသည် Bayraktar Kemankes ခရုဇ်ဒုံးကျည်၏ ဆက်သွယ်လုပ်ဆောင်နိုင်သောအကွာအဝေးကို ကီလိုမီတာ ၁၀၀ ထိ တိုးမြှင့်သွားနိုင်ရန်စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။

နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် တူရကီ SOM ခရုဇ်ဒုံးကျည်သည် အလေးချိန် ကီလိုဂရမ် ၅၀၀ မှ ကီလိုဂရမ် ၆၂၀ နှင့် ထိပ်ဖူးကီလိုဂရမ် ၂၃၀ ရှိသည်။ အကွာအဝေး ကီလိုဂရမ် ၂၅၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**Turkey Unveils Drone-Launched Mini Cruise Missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်သို့ ဂျန်လန်နက်တက်ရောက်

**မက်ဒရစ် မေ ၆**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား ဂျန်လန်နက်နှင့် ဂရိတင်းနစ်ကစားသမားစတီဖာနို့စ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်လန်နက်က (၄-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း ATP က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်လန်နက်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဗိုလ်လုပွဲစဉ်အဆင့်သို့ ဒုတိယအကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးသောဗိုလ်လုပွဲစဉ်အဖြစ် ၂၀၂၂ ခုနှစ်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပခဲ့သော Bavarian Championships တင်းနစ်ပြိုင်ပွဲတွင် တက်ရောက်နိုင်ခဲ့သည်။

သို့သော်လည်း ATP Masters 1000 တင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ပထမဆုံးအကြိမ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်လန်နက်သည် ဗိုလ်လုပွဲတွင် နိုင်ခြေအဆင့် (၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ခရိုအေးရှားတင်းနစ်ကစားသမားဘိုနာကိုရစ်အား(၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်လန်နက်က "ATP Masters 1000 ပြိုင်ပွဲအမျိုးအစားမှာ ပထမဦးဆုံးဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက် ဂုဏ်ယူစရာကောင်းသလို ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာကို မယုံကြည်နိုင်သေးဘူးဖြစ်နေတယ်။ ဒီဗိုလ်လုပွဲမတိုင်မီ ကစားသမားဘဝရဲ့ ပထမဆုံးသော ဗိုလ်လုပွဲအဖြစ် မြူးနစ်မှာတုန်းက ကစားခဲ့ဖူးတယ်။ အဲ့ဒီတုန်းကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ပရိသတ်မပါဘဲ ကစားခဲ့ရတယ်။ အခုတော့ ပရိသတ်တွေ ကွင်းလုံးပြည့်နေတဲ့ ကွင်းကြီးထဲမှာ ကစားခွင့်ရတော့မယ်။ ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာသလို ချန်ပီယံသာ ဖြစ်ခွင့်ရခဲ့မယ်ဆိုရင် ပိုလို့တောင် ဝမ်းသာရမယ်" ဟု ပြောကြားခဲ့သည်။ AZL



**ပရီးမီးယားလိဂ် ပွဲစဉ် (၃၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၁ | - | ၃ | ချဲလ်ဆီး |
| မန်စီးတီး | ၂ | - | ၁ | လိဒ် |
| စပါး | ၁ | - | ၀ | ပဲလေ့စ် |
| ဝုဗ် | ၁ | - | ၀ | အေဗီလာ |

(ဝ၄၀)

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ခေါ်ယူရန် ပြင်ဆင်နေသည့် လူတာရှိမာတီနက်ဇ်ကို ချဲလ်ဆီးအသင်းကလည်း စတာလင်ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းနေကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းနှင့် လီဗာပူးအသင်းတို့က စပို့တင်းလစ္စဘွန်း ခံစစ်ကစားသမား အီနာစီယိုကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။

ML

# ချဲလ်ဆီးအသင်းက ဂိုးသမားအိုနာနာကို စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေ





**လန်ဒန် မေ ၆**

ချဲလ်ဆီးအသင်းသည် နည်းပြပိုချက်တီနိုအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အင်တာမီလန်အသင်း ဂိုးသမား အိုနာနာကို စတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဂိုးသမား အိုနာနာသည် အင်တာမီလန်အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၂၀ ပွဲတွင် ဂိုးမပေးရသည့် ပွဲစဉ်ခုနစ်ပွဲထိရရှိအောင် စွမ်းဆောင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လက်စွမ်းပြသ၍ အသင်းအား ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ် အသင်းများက စိတ်ဝင်စားနေချိန်တွင် ချဲလ်ဆီးအသင်းက စတာလင်ပေါင်သန်း ၄၀ ဖြင့် လက်ဦးမှုရယူနိုင်ရန် ပြင်ဆင်နေပြီး သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိသည်။

လက်ရှိ ချဲလ်ဆီးအသင်းမှ ဂိုးသမား မန်ဒီသည် လာမည့်အပြောင်းအရွှေ့ကာလတွင် ထွက်ခွာရန် သေချာနေသည့်အပြင် ဂိုးသမားကီပါသည်လည်း အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီးအသင်းအနေဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းနေကာ ၎င်းက သက်တမ်းတိုးရန် ငြင်းပယ်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ကာလရှည်အသုံးပြုနိုင်မည့် အင်တာမီလန်အသင်း ဂိုးသမား အိုနာနာကိုသာ ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ယာယီနည်းပြ လမ်းပတ်တာဝန်ယူနေသည့် ချဲလ်ဆီးအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲကစားအပြီးတွင် ၁၀ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၄ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၃၉ မှတ်သာရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၂) တွင် ရပ်တည်နေကာ နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ကိုးပွဲတွင် နိုင်ပွဲမရရှိခဲ့ဘဲ မှတ်တမ်းဆိုးများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ML

# ဝုဗ်အသင်းက ဘာစီလိုနာအသင်းမှ ဖာတီကိုခေါ်ယူရန်အတွက် နက်ဗက်ကို အလိုက်ပေးကမ်းလှမ်းရန်ပြင်ဆင်နေ

**လန်ဒန် မေ ၆**

ဝုဗ်အသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် လူငယ်တိုက်စစ်ကစားသမား ဖာတီကို ခေါ်ယူနိုင်ရန်အတွက် အသင်းမှ ကွင်းလယ်ကစားသမား နက်ဗက်ကို အလိုက်ပေးပြီး ကမ်းလှမ်းရန် ပြင်ဆင်လျက် ရှိနေသည်ဟု SPORT bible သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ နှစ်ရှိ ဖာတီသည် ဘာစီလိုနာအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၉ ခုနှစ်က ဘာစီလိုနာအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့ပြီး ကစားသမားဘဝအစပိုင်းက အသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ရပြီးနောက်ပိုင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

ဖာတီသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သည့်အတွက် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသကဲ့သို့ ဘာစီလိုနာအသင်းကလည်း အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဖာတီကို ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းမည်ဆိုပါက လက်လွှတ်သွားဖွယ်ရှိနေသည်။

ဘာစီလိုနာအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဖာတီကို ပရီးမီးယားလိဂ် ကလပ်အသင်းအများစုက စောင့်ကြည့်နေသည့်အတွက် ဝုဗ်အသင်းကလည်း လက်ဦးမှု ရယူနိုင်ရန်အတွက် လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလမတိုင်မီ ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ အပြင် ဘာစီလိုနာအသင်းက ခေါ်ယူလိုနေသည့် ၎င်းတို့အသင်းမှ ကွင်းလယ်ကစားသမား နက်ဗက်ကိုပါ အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သိရသည်။ STA

# ပိုလန်အက်ဖ်အေဖလားပြိုင်ပွဲတွင် ခိုက်ရန်ဖြစ်ပွားခဲ့သည့် မလာဒီနိုဗစ်ကို သုံးလပွဲပယ်ပြစ်ဒဏ်ချမှတ်

**ဝါဆော မေ ၆**

ပြီးခဲ့သည့် မေ ၂ ရက်က ကစားခဲ့သည့် ပိုလန်ပြည်တွင်း ဖလားဗိုလ်လုပွဲစဉ်အဖြစ် လီဂီယာဝါဆောအသင်းနှင့် ချက်တိုချောအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် လီဂီယာဝါဆောအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သော်လည်း ခံစစ်ကစားသမား မလာဒီနိုဗစ်သည် ခိုက်ရန်ဖြစ်ပွားမှုကြောင့် ပိုလန်ဘောလုံးအဖွဲ့ချုပ်က သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဗိုလ်လုပွဲစဉ်တွင် လီဂီယာဝါဆောအသင်းက ပွဲအစခြောက်မိနစ်ကတည်းကတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသောကြောင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး နှစ်သင်းစလုံးပွဲချိန်တွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ အချိန်ပိုဆက်လက်ကစားခဲ့ရာ သရေရလဒ် ထပ်မံထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ဂိုးသမားကက်စပါက ပင်နယ်တီတွင် ကာကွယ်မှုပြုလုပ်နိုင်ခဲ့ပြီးနောက် အောင်ပွဲခံခဲ့ရာတွင် ခံစစ်ကစားသမား မလာဒီနိုဗစ်က ချက်တိုချောကစားသမားများကို တွန်းဖယ်၍ ခိုက်ရန် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပိုလန်ဘောလုံးအဖွဲ့ချုပ်က ဖြစ်စဉ်အသေးစိတ်ကို ဗီဒီယိုမှတ်တမ်းမှ ပြန်လည်စစ်ဆေးခဲ့ရာ အသက် ၃၁ နှစ်ရှိ ခံစစ်ကစားသမား မလာဒီနိုဗစ်သည် ချက်တိုချောအသင်း ကစားသမား စီဘူလာ၊ ဇုစ်တော၊ ကားလို့စ်နှင့် နည်းပြအဖွဲ့တို့ကို တွန်းဖယ်၍ ထိုးကြိတ်မှု ပြုလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပိုလန်ငွေ ၁၂၀၀၀ နှင့် သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သည်။



ပိုလန်အက်ဖ်အေဖလားဗိုလ်လုပွဲတွင် လီဂီယာဝါဆောအသင်းသည် ချက်တိုချောအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး ငါးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပိုလန်အက်ဖ်အေဖလားသမိုင်းတွင် အကြိမ် ၂၀ မြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ML

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်




**ရန်ကုန် မေ ၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းအနေဖြင့် သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် ငုယင်နုက ဗီယက်နမ် အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ခင်မိုမိုထွန်းက မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဗီယက်နမ်အမျိုးသမီးအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာအမျိုးသမီးအသင်းအနေဖြင့် ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၇၆ မိနစ်တွင် သမ်ဟန်က ဗီယက်နမ်အမျိုးသမီးအသင်းအတွက် ဒုတိယသွင်းဂိုးကိုလည်းကောင်း၊ ပွဲချိန် ၈၉ မိနစ်တွင်သူထရန်က တတိယသွင်းဂိုးကိုလည်းကောင်းအသီးသီးသွင်းယူ ပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ်အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာ တစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်ရရှိထားပြီး အုပ်စု တတိယပွဲစဉ်အဖြစ် မေ ၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မလေးရှားအမျိုးသမီးအသင်းနှင့် ဆက်လက်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# Wells Fargo Championship ပြိုင်ပွဲကို တိုင်ရယ်ဟက်တန်၊ ဝိုင်ဟမ်ကလက်ခ်နှင့် နိုတ်လက်ရှ်လေတို့ ပူးတွဲဦးဆောင်

**မြောက်ကာရိုလိုင်းနား မေ ၆**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Wells Fargo Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား တိုင်ရယ်ဟက်တန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဝိုင်ဟမ်ကလက်ခ်နှင့် နိုတ်လက်ရှ်လေတို့နှင့်အတူ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားတွမ်မီဖလက်ဝုဒ်မှာ ဒုတိယနေ့တွင် သတ်မှတ်ထားသည့် ရိုက်ချက်အတိုင်းသာရိုက်နိုင်ခဲ့သည့်အတွက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်သာလျော့ရိုက်နိုင်သဖြင့် အမှတ်ပေးဇယား၏ T10 နေရာတွင် ရပ်တည်လျက်ရှိသည်။

နာမည်ကြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျေဂျေစပေါင်း၊ ဂျက်စတင်သောမတ်စ်၊ ရှောင်ဖီလီတို့ကကနေဒါဂေါက်သီးရိုက်ကစားသမား စဝန်ဆင်၊ တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား အင်ဆမ်ဂျေတို့နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

တိုင်ရယ်ဟက်တန်က "ဒုတိယနေ့မှာ ရလဒ်ကောင်းရရှိခဲ့ပြီးအမှတ်ပေးဇယားထိပ်မှာ အခြားပြိုင်ပွဲဝင်တွေနဲ့အတူ ရပ်တည်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယနေ့မှာ စွမ်းဆောင်ရည်ပိုင်း တည်ငြိမ်ခဲ့တယ်။ တချို့ပြိုင်ပွဲဝင်တွေအနေနဲ့ ဒုတိယနေ့မှာ ရလဒ်ကောင်းခဲ့ပေမဲ့လဲ ကျင်းတစ်ကျင်းနဲ့ တစ်ကျင်းမှာ စွမ်းဆောင်ရည်ပိုင်း အတက်အကျတွေရှိခဲ့တယ်။ ကျွန်တော့်အနေနဲ့ အတက်အကျမရှိဘဲ ပုံစံတစ်ခုအတိုင်းတစ်သမတ်တည်းကစားနိုင်ခဲ့တာကို ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Italian Open တင်းနစ်ပြိုင်ပွဲမှ စပိန်ကစားသမား ရာဖေးလ်နာဒယ် နုတ်ထွက်



**မက်ဒရစ် မေ ၆**

စပိန်ဂေါက်သီးရိုက်ကစားသမား ရာဖေးလ်နာဒယ်သည် ဒဏ်ရာပြဿနာကြောင့် အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပသွားမည့် Italian Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန် ကြေညာသွားခဲ့သည်ဟု The Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးလ်နာဒယ်သည် ကစားသမားဘဝရရှိခဲ့သော ဆုဖလားအများစုမှာ မြေစေးကွင်းပြိုင်ပွဲများတွင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာပြဿနာကြောင့် Italian Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းအပေါ် စိတ်ပျက်ဝမ်းနည်းမိကြောင်းပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်၏ ဒဏ်ရာအခြေအနေမှာဆိုးရွားသည့် အခြေအနေမဟုတ်သော်လည်း ပြိုင်ပွဲဝင်နိုင်သည့် အခြေအနေမျိုးတွင်ရှိမနေသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်လ်က "ရိုးမားမြို့ကို ကျွန်တော်မသွားနိုင်တော့တဲ့အကြောင်း ဝမ်းနည်းစွာနဲ့ထုတ်ပြန်ကြေညာချင်ပါတယ်။ အားလုံးသိတဲ့အတိုင်း ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲတစ်ပွဲပြီး တစ်ပွဲလွှဲချော်နေရတယ်။ ကျွန်တော့်ကစားသမားဘဝအတွက် အရေးပါတဲ့ ပြိုင်ပွဲကိုလွှဲချော်ရတော့မှာ ဖြစ်တဲ့အတွက် ဘယ်လောက်နာကျင်ရသလဲဆိုတာ ကျွန်တော်အသိဆုံးပါပဲ။ နောက်ပြီးတော့ ကျွန်တော့်ကို အားပေးပြီး ချစ်ခင်ပေးကြတဲ့ အီတလီပရိသတ်တွေနဲ့ တွေ့ဆုံခွင့်မရတော့မှာကိုလဲ ဝမ်းနည်းမိပါတယ်။ ကျွန်တော့် ဒဏ်ရာအခြေအနေက အဆိုးရွားကြီးတော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းကစတင်ပြီးတော့ ဒဏ်ရာအခြေအနေက တဖြည်းဖြည်းတိုးတက်လာခဲ့တယ်။ ဒါပေမဲ့လဲ လေ့ကျင့်မှုတွေကို ပြင်းပြင်းထန်ထန်မလုပ်နိုင်သေးဘူး။ ကျွန်တော့်မှာလဲ ရွေးချယ်စရာမရှိတော့တဲ့အတွက် Italian Open တင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘာစီလိုနာအသင်းကစားသမား ဆာဂျီနိုဒက်စ် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ရန်ပြင်ဆင်

**ဘာလင် မေ ၆**

ယခုနှစ်ဘောလုံးရာသီ အေစီမီလန်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသည့် ဆာဂျီနိုဒက်စ်က စာချုပ်သက်တမ်း ကုန်ဆုံးပါက အီတလီစီးရီးအေမှ ထွက်ခွာ၍ ဂျာမန်ဘွန်ဒက်လီဂါကလပ် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိသည်ဟု Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဂျီနိုဒက်စ်သည် အေစီမီလန်အသင်းနှင့် အငှားစာချုပ်တွင် ယူရိုသန်း ၂၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိသော်လည်း ၎င်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် နှစ်ပွဲသာ ပါဝင်ခွင့်ရခဲ့သဖြင့် စာချုပ်ကုန်ဆုံးချိန်တွင် အေစီမီလန်မှ ထွက်ခွာ၍ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်အတွက် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းနှင့် ညာတောင်ပံခံစစ်ကစားသမား ဆာဂျီနိုဒက်စ်တို့သည် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းအနေဖြင့်လည်း ညာတောင်ပံ ခံစစ်ပိုင်းတွင် ကစားသမားလိုအပ်ချက်ရှိနေသော်လည်း နည်းပြဇာဗီက ၎င်းကို လာမည့်ဘောလုံးရာသီ ကစားသမားစာရင်းတွင် ထည့်သွင်းထားခြင်းမရှိသဖြင့် အခြားကလပ်အသင်းတစ်ခုခုသို့ ထပ်မံအငှားချမည်ဖြစ်သောကြောင့် ဆာဂျီနိုဒက်စ်က ဂျာမန်ဘွန်ဒက်လီဂါသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ML

# One Fight Night 10 ပြိုင်ပွဲတွင် အောင်လအန်ဆန်က တရုတ်နိုင်ငံသား ဖန်ရောင်ကို ဒုတိယအချီတွင် ချုပ်ကွက်ဖြင့် အနိုင်ရရှိ

**ရန်ကုန် မေ ၆**

One Championship က ကြီးမှူးပြီး ယနေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် One Fight Night 10 ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲစဉ်တွင် အောင်လအန်ဆန်က တရုတ်နိုင်ငံသား ဖန်ရောင်ကို ဒုတိယအချီတွင် ချုပ်ကွက်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ် ပထမအချီတွင် ဖန်ရောင်က တိုက်စစ်ဖွင့်ထိုးသတ်ခဲ့ပြီး ထိရောက်သည့်လက်သီးချက်များဖြင့် ဖိအားပေးနိုင်ခဲ့သကဲ့သို့ အောင်လအန်ဆန်ကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်နိုင်ခဲ့ကာ နှစ်ဦးစလုံး ထိခိုက်ခဲ့ကြသော်လည်း အလဲထိုးနိုင်ခြင်းမရှိခဲ့ဘဲ ပထမအချီပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယအချီပြန်လည်စတင်ချိန်တွင်လည်း ဖန်ရောင်က တိုက်စစ်ဖွင့်ထိုးသတ်ကာ ဖန်ရောင်၏ ပြင်းထန်အားပါသည့်လက်သီးချက်ကြောင့် အောင်လအန်ဆန် နောက်သို့ တစ်ချက်ယိုင်ခဲ့သည်ကို ဖန်ရောင်က ချုပ်ကွက်ဖြင့်အဆုံးသတ်ရန် ကြိုးစားခဲ့သော်လည်း အောင်လအန်ဆန်က ဖန်ရောင်၏ အမှားကို အကောင်းဆုံးအသုံးချပြီး ချုပ်ကွက်ဖြင့် အဆုံးသတ်ကာ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

အောင်လအန်ဆန် အနေဖြင့် ပွဲမတိုင်မီကတည်းက ဖန်ရောင်ကို နှစ်ချီအတွင်း အလဲထိုးဖြင့် အနိုင်ယူမည်ဟု ပြောကြားထားသည့်အတိုင်း ဒုတိယအချီတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လာမည့်ပွဲစဉ်တွင် ၎င်းလက်လွှတ်ခဲ့ရသည့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် လက်ရှိ မစ်ဒယ်ဝိတ်တန်းချန်ပီယံ နယ်သာလန်နိုင်ငံသား ရိုင်နီယာဒီရိုက်ဒါကို ပြန်လည်စိန်ခေါ်ထိုးသတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၁) ရလဒ်**

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၁ | - | ၀ | ယူနီယံဘာလင် |
| ဂလာဘတ် | ၂ | - | ၀ | ဘိုချန် |
| ဖရိုင်းဘတ် | ၀ | - | ၁ | လိုက်ပ်ဇစ် |
| ဟာသာဘာလင် | ၂ | - | ၁ | စတုဂတ် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဖရန့်ဖတ် |

**ပြင်သစ်လီဂူး ပွဲစဉ် (၃၄) ရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | ၂ | - | ၁ | ရင်းနက် |

(၀၄၀)

# ဗန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ

**ပုသိမ်အောင်သန်းဦး**

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) နှင့်အတူ ဂျပန်တို့သည် မြန်မာနိုင်ငံအတွင်းမှ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်ပြီးနောက် မြန်မာတို့ကို လွတ်လပ်ရေးမပေးဘဲ ဖက်ဆစ်စနစ်ဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်နေသောအချိန်ဖြစ်သည်။

ပြင်သာရွာသူကြီး ဦးတောက်ထိန်သည် ဆရာစံ၏တပ်သားဖြစ်သော ထွန်းနိုင်၏ဖခင်ကို ဗြိတိသျှအစိုးရထံ သတင်းပို့တိုင်ကြားခဲ့သဖြင့် ထွန်းနိုင်၏ဖခင် သေဆုံးခဲ့ရသည်။ ဤအဖြစ်အပျက်ကို ထွန်းနိုင်တစ်သက် မမေ့. . .။ ဦးတောက်ထိန်ကို အခဲမကျေ၊ ဂျပန်ခေတ်တွင်လည်း ဂျပန်တို့က ဦးတောက်ထိန်ကို အာဏာရသူကြီးအဖြစ် ဆက်လက်တာဝန်ပေးထားသည်။

အာရှတိုက်သာတူညီမျှရေးဟူသော ကြွေးကြော်သံဖြင့် ဝင်ရောက်လာကြသော ဂျပန်များသည် မြန်မာလူထုကို နှိပ်စက်ညှဉ်းပန်းမှုများ၊ အလိုတော်ရိများ၏ နှိပ်စက်ညှဉ်းပန်းမှုများ၊ တောသူတောင်သားများအပေါ် အမျိုးမျိုးဒုက္ခဆင်းရဲရောက်အောင် ပြုမူနေမှုများကို မြင်တွေ့နေရသော ထွန်းနိုင်သည် ဂျပန်တို့အပေါ် ရွံရှာမုန်းတီးလျက်ရှိနေသည်။

တစ်နေ့ထွန်းနိုင်သည် တောင်ငူမြို့ရှိ ဘီအိုင်အေရုံးသို့ သွားရောက်ခဲ့သည်။ ရုံးတွင် မခင်ဦးတို့ဦးဆောင်၍ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ မဟာမိတ်များနှင့်အဆက်အသွယ်ပြုရန် တက်ဘုန်းကြီးသိန်းဖေ အိန္ဒိယသို့ရောက်နေပြီဖြစ်ကြောင်း၊ အရှေ့ဥရောပ၏စစ်မျက်နှာတွင် နာဇီတပ်များ၏ ထိုးဖောက်မှုကို ဆိုဗီယက်တပ်နီတော်က တန့်ရပ်ထားနိုင်ပြီဖြစ်ကြောင်း စိတ်အားတက်ဖွယ်ကြားသိရသည်။

ထိုစဉ် တောင်ငူဘီအိုင်အေရုံးသို့ ဂျပန်ကင်ပေတိုင်မှ ဆိုင်ဂျိုနှင့်ဂျပန်တပ်ကြပ် သုံးလေးဦးတို့ရောက်ရှိလာကာ ရုံးထဲရှိလူအားလုံးကို ဖမ်းဆီးသွားကြသည်။ ထိုအထဲတွင် ထွန်းနိုင်လည်း ပါသွားသည်။

ထွန်းနိုင်သည် တောင်ငူမြို့ မိုင်ဒါကွင်းထောင့်ရှိ ဂျပန်ကင်ပေတိုင်ရုံးတွင် နှိပ်စက်ညှဉ်းပန်းခြင်းအမျိုးမျိုးကို ရက်ပေါင်း ၂၀ ကျော်မျှ ခံခဲ့ရသည်။ အရှင်လတ်လတ် ငရဲရောက်ရခြင်းဖြစ်သည်။ ရိုက်သည်၊ ကန်သည်၊ မျက်နှာကို ပိတ်ပါးအုပ်၍ ဗိုက်ကြီးကားလာအောင် ရေလောင်းသည်။ ထုပ်တွင် ဇောက်ထိုးဆွဲသည်။ စီးကရက်မီးဖြင့်ထိုးသည်။ သူမသိသောမေးခွန်းများကို မေးသည်။

နောက်ဆုံး သူတို့ကိုသတ်ရန် သုသာန်သို့ခေါ်သွားသည်။ ကိုယ့်တွင်းကိုယ်တူးခိုင်းသည်။ ကရင်လူငယ်သည် ရဲရင့်လှသည်။ ဂျပန်များမေးသမျှ ဘူးခံသည်။ သူ့ရဲဘော်ကောင်းတို့၏သေခြင်းဖြင့် အသေခံသွားသည်။ ထွန်းနိုင်ကိုကား မည်သို့စိတ်ကူးပေါက်သွားသည်မသိ မသတ်ဘဲ ပြန်လွှတ်လိုက်သည်။

> ❖ ဂျပန်တို့သည် ရန်သူ၏အစအနကိုမျှ မမြင်မတွေ့ရပါဘဲ မိမိတို့တပ်စိတ်များ၊ တပ်ခွဲများ ပျောက်ကွယ်ပျက်သုဉ်းသွားသည်ကို တွေ့ရသောအခါ မျက်လုံးပြူးကြ၊ ကြောက်ရွံ့လာခဲ့ကြသည်။ နောက်ဆုံး ဂျပန်တပ်မကြီးသည် ရိုးမပေါ်တွင် မမြင်ရသောရန်သူများ၏ တအိအိ ဝါးမျိုခြင်းကိုခံရသည်ထက် မြေပြင်သို့ဆင်းကာ မဟာမိတ်တို့နှင့်ရင်ဆိုင်ခြင်းက ကောင်းလိမ့်မည်ဟုအကြံရကြသည်။ ဤသို့ဖြင့် ကျော်ကြားလှသော ဂျပန်တပ်မသည် တာကောဒီတို့၏ စနစ်တကျရဲရင့်လှသော ပြောက်ကျားတိုက်ခိုက်မှုကြောင့် ရိုးမပေါ်မှ ဆင်းပြေးရလေတော့သည်။ ❖

ထွန်းနိုင်သည် ပြင်သာရွာသို့ ပြန်ရန်ကြိုးစားသည်။ အားအင်များ ကုန်ခန်းနေသည်က တစ်ကြောင်း၊ ခပေါင်းချောင်းရေပြည့်နေသဖြင့် မကူးနိုင်၊ လမ်းခုလတ်တွင်ရှိသော ကြက်တက်ညောင်ပင်ရွာရှိ ကိုသာအောင်အိမ်သို့ ဝင်၍နားသည်။ ထိုစဉ် ပြင်သာရွာအကြောင်းကြားရသည်။ သူ့ကိုဖမ်းထားသည့်ရက်အတွင်း ဂျပန်တပ်စိတ်တစ်စိတ် ပြင်သာရွာကို ဝင်မွှေသွားကြောင်း ဘုန်းတော်ကြီး ဦးကဝိကို ပါးရိုက်ပြီး ကပ္ပိယဦးရေချမ်းကို ရေနွေးပူဖြင့် လောင်းသွားကြောင်း ကျောင်းဆရာ ကိုသာမြတ် အရှောင်ကောင်း၍ လွတ်သွားကြောင်း၊ သူကြီး ဦးတောက်ထိန်က ထွန်းနိုင်ကို ဂျပန်တပ်များက ပစ်သတ်၍သေပြီဟု သတင်းလွှင့်ထားကြောင်း သိရသည်။

နောက်ဆုံးတွင် ထွန်းနိုင်သည် ရိုးမတောင်ပေါ်ရှိ ကရင်အဘိုးကြီး တာကောဒီနှင့် ဇနီးဒေါ်ဖြူတို့ရှိရာသို့ သွားကာ ရှောင်နေလေ၏။ တာကောဒီနှင့် ထွန်းနိုင်ဖခင် ဦးစံထွန်းတို့မှာ ခင်မင်သောမိတ်ဆွေရင်းများဖြစ်ကြပြီး ဆရာစံ ဂဠုန်တပ်ဖွဲ့များကို ရွှေပြည်အေးတရားဟောကာ လက်နက်ချစေသော်လည်း ဦးစံထွန်းမှာ လက်နက်မအပ်ဘဲ တာကောဒီတို့ရွာတွင် တိမ်းရှောင်နေခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း မိတ်ဆွေရင်း၏ သားဖြစ်သော ထွန်းနိုင်ကို တာကောဒီတို့ ဇနီးမောင်နှံက သားအရင်းသဖွယ် ချစ်ခင်ကြသည်။

ထိုကဲ့သို့နေစဉ် ဝါးကြီးသုဉ်းသည့်အဖြစ်နှင့် ကြုံရသည်။ ဝါးကြီးသုဉ်းသည်ဆိုသည်မှာ ကြသောင်းဝါးများ သီးပွင့်ခြင်းဖြစ်သည်။ ၎င်းဝါးမျိုးသည် နှစ် ၅၀ မျှကြာမှ တစ်ကြိမ်သာ သီးပွင့်တတ်သည်။ ထိုအခါ ကြွက်များသည် ဝါးဆန်များကို အုပ်ဖွဲ့ကာ စားသောက်ကြသည်။ ထို့နောက် တောင်ယာပဲခင်းများကိုဝင်ရောက်ဖျက်ဆီးတတ်သည်။ ထိုအခါ သရောကြီးခိုင်းရတော့သည်။ ကရင်ရွာသူ၊ ရွာသားများ ငတ်ပြတ်ဆင်းရဲရတော့သည်။

ထိုအချိန် ဂျပန်များသည် အင်္ဂလိပ်တို့၏ကျွန်းသစ်လုပ်ငန်းကို အမွေဆက်ခံရန် ရိုးမတောင်ပေါ်သို့ တက်လာကြပြီး ကရင်အမျိုးသားများကို အမျိုးမျိုးခိုင်းတော့သည်။ "နိပ္ပွန်မြန်မာ ကျွန်းသစ်ထုတ်လုပ်ရေးအဖွဲ့" ဟူသော အမည်တပ်ကာ ကရင်တို့ကို ချေးတပ်ဆွဲကြသည်။ ညှဉ်းပန်းနှိပ်စက်ကြသည်။ ရိက္ခာမထောက်ပံ့သောရွာများကို ရှိုင်းစိုင်းယုတ်မာစွာ နှိပ်စက်ကြသည်။

ကရင်လူငယ်များ မခံမရပ်နိုင်ဖြစ်ပြီး ဂျပန်ကို တော်လှန်ရန် စီစဉ်ကြသည်။ ထွန်းနိုင်က မြေညီပိုင်းမှလူများနှင့် ညှိနှိုင်းကာ တညီတညွတ်တည်းပြုရန် ပြောသည်။ ထွန်းနိုင်သည် တောင်ငူသို့သာမက ရန်ကုန်ထိဆင်းပြီး တော်လှန်ရေးခေါင်းဆောင်များနှင့် ဆွေးနွေးသည်။ သို့ဖြင့် တော်လှန်ရေးခေါင်းဆောင်တစ်ဦးက ခပေါင်းချောင်းရိုးတစ်လျှောက် ဂျပန်ဆန့်ကျင်ရေး လျှို့ဝှက်စည်းရုံးနေသူထံ စာတစ်စောင်ပေးလိုက်သည်။ ထိုသူမှာ ဂျပန်အဝယ်တော်ဖြစ်နေသည်ကို အံ့ဩစွာတွေ့ရသည်။ သို့ဖြင့် ဆရာဦးသာမြတ်ကို တွေ့ရသည်။ ဆရာဦးသာမြတ်မှာ အကြပ်သင်တန်းတက်ပြီးနောက် တော်လှန်ရေးတာဝန်များဖြင့် ခပေါင်းနယ်သို့ ပြန်ရောက်နေသည်။

ကရင်များကို တပ်ဦးမကျရန် ပြောကြသည်။ သို့သော် ကရင်များကား အထိနာနေကြပြီး ဂျပန်များကို လက်စားချေချင်နေကြပြီ။

ထွန်းနိုင်က မြေညီပိုင်းနှင့် တစ်ချိန်တည်း တော်လှန်ရန်၊ ရိက္ခာများစုစည်းသိုဝှက်ထားရန်၊ ရွာများကို ဖျောက်ပြီးလူများ ပုန်းအောင်းနေကြရန်တို့ကို စီစဉ်သည်။ ထိုကာလအတွင်း တော်လှန်ရေးတပ်ကြပ် ဦးသာမြတ်က ကရင်လူငယ်များကို စစ်ပညာသင်ကြားရန်၊ လက်နက်စုရန်၊ သူပါလာသောသေနတ်ငါးလက်ကို လောလောဆယ်အသုံးပြုရန် သူတို့တွေ တပ်ဖွဲ့ကြသည်။ တပ်မှူးကြီးကား တာကောဒီပင်ဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ်တိုက်ပွဲဖြစ်စဉ်က နာမည်ကြီးခဲ့သော ဂျပန်အမှတ် (၅၃) တပ်မသည် ၁၉၄၅ ခုနှစ် ဇွန်လလယ်ခန့်တွင် ပဲခူးရိုးမပေါ်၌ ချောင်ပိတ်မိလျက်ရှိသည်။ သူတို့သည် တောင်ငူ-ပေါင်းတည်လမ်းမကြီးအတိုင်း စစ်တောင်းဘက်သို့ဆင်းရန် အကြံရှိသည်။ သို့သော် စစ်တောင်းသို့ဆင်းရန် မဖြစ်နိုင်တော့။ ဗမာ့မျိုးချစ်တပ်မတော်နှင့် မဟာမိတ် အမှတ် (၁၄) တပ်တို့က စစ်တောင်းမြစ်ဝှမ်းကို ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ ဂျပန်အမှတ် (၅၃) တပ်မသည် ပဲခူးရိုးမပေါ်တွင် အခက်ကြုံလျက်ရှိနေသည်။

ထိုအခါ သူတို့သည် ငတ်ပြတ်ခြင်း၊ ဖျားနာခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်းများ ရှိလာသည်။ အစုငယ်များဖွဲ့၍ ထွက်ပြေးကြခြင်း၊ ပုန်းအောင်းခြင်းများ ပြုကြသည်။ ဤတွင် တာကောဒီတို့၏ ပြောက်ကျားစစ်ဆင်ရေးစသည်။ သူတို့သည် နယ်မြေကျွမ်းသည့်အလျောက် အစုငယ်လေးများအဖြစ် ပြန့်ကြနေသော ရန်သူတပ်စိတ်များကို တစ်စုပြီးတစ်စု ချေမှုန်းပစ်ကြသည်။ ဂျပန်တို့သည် ရန်သူ၏အစအနကိုမျှ မမြင်မတွေ့ရပါဘဲ မိမိတို့တပ်စိတ်များ၊ တပ်ခွဲများ ပျောက်ကွယ်ပျက်သုဉ်းသွားသည်ကို တွေ့ရသောအခါ မျက်လုံးပြူးကြ၊ ကြောက်ရွံ့လာခဲ့ကြသည်။ နောက်ဆုံး ဂျပန်တပ်မကြီးသည် ရိုးမပေါ်တွင် မမြင်ရသောရန်သူများ၏ တအိအိဝါးမျိုခြင်းကို ခံရသည်ထက် မြေပြင်သို့ဆင်းကာ မဟာမိတ်တို့နှင့်ရင်ဆိုင်ခြင်းက ကောင်းလိမ့်မည်ဟုအကြံရကြသည်။ ဤသို့ဖြင့် ကျော်ကြားလှသော ဂျပန်တပ်မသည် တာကောဒီတို့၏ စနစ်တကျ ရဲရင့်လှသော ပြောက်ကျားတိုက်ခိုက်မှုကြောင့် ရိုးမပေါ်မှ ဆင်းပြေးရလေတော့သည်။

ဤတိုက်ပွဲတွင် ကရင်တပ်မှူးကြီး တာကောဒီ၊ မွေးစားသား ထွန်းနိုင်၊ ကြက်တက်ညောင်ပင်သာရွာသားသာအောင်နှင့် ကရင်လူငယ် ၂၀ ကျော်တို့၏ အသက်များ ပေးလှူခဲ့ရသည်။

ရိုးမတိုက်ပွဲသည် ဗန်းမော်တင်အောင်၏ ထူးခြားသောဝတ္ထုဟု ဆိုနိုင်သည်။ ဇာတ်ဆောင် မင်းသမီးမပါဝင်။ အရေးအသားတိုပြီး ရှင်းလင်းသည်။ ဗန်းမော်တင်အောင်၏ ထင်ရှားသောဝတ္ထုများမှာ ပြည်တော်သာ ခင်ခင်ဦး၊ ခင်ပပကြူ၊ မြိုင်၊ ဘုန်းမောင်တစ်ယောက်ထဲရယ်၊ ဒေါက်တာရေချမ်း၊ သူပုန်ကြီး၊ အမေ၊ မုန်တိုင်းကထန်၊ ငြေ၊ ချစ်အဏ္ဏဝါဆွေ ဝတ္ထုရှည်တို့ဖြစ်သည်။

ဗန်းမော်တင်အောင်သည် မြန်မာနိုင်ငံစာရေးဆရာ သမဂ္ဂတွင် ပထမဆုံး ဥက္ကဋ္ဌဖြစ်သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရွှေတောင် မေ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် နွားမယံကျေးရွာအုပ်စု ဘယ်လက်ကျေးရွာနှင့် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့်ဝန်ထမ်းများက ဘယ်လက်ကျေးရွာနှင့် ကြက်ဖြူတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဘယ်လက်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၁၀၊ ကြက်ဖြူတောင်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၁၀၊ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် လုပ်အားထည့်ဝင်၍ ၂၀၂၄ ခုနှစ် ဧပြီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**သန္တာ**

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ Myanmar Princess အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ Myanmar Princess အွန်လိုင်းပန်းချီပြပွဲကို မေ ၈ ရက်မှ မေ ၁၂ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီ စတားမြသန်း၊ ပန်းချီ ဦးသန်းဦး၊ ပန်းချီ ကျိုက်လတ်ဘသန်း၊ ပန်းချီ ဦးဆုပန်၊ ပန်းချီ ကြည်သိန်းတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ လက်ရာစုံပန်းချီကား ၅၀ ကို ပြသမှာဖြစ်ပါတယ်။ ဝါရင့်ပန်းချီဆရာကြီးတွေဖြစ်တဲ့ ပန်းချီ စတားမြသန်း၊ ပန်းချီ ကျိုက်လတ်ဘသန်းတို့ရဲ့ လက်ရာတွေ အဓိကမြင်တွေ့ရမှာပါ။ ဆရာကြီးတွေကတော့ ကွယ်လွန်သွားပြီဖြစ်တဲ့အတွက် တကယ်ကို ရှားပါးလက်ရာပါ"ဟု ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Klara and the Sun ဝတ္ထုကို ဒါရိုက်တာ တိုင်ကာဝေတီတီ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် မေ ၆**

ဗြိတိသျှစာရေးဆရာ ကာဇူအိုအီရှီဂူရို၏ Klara and the Sun ဝတ္ထုကို ကမ္ဘာကျော် နယူးဇီလန် ဒါရိုက်တာ တိုင်ကာဝေတီတီက တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် တိုင်ကာဝေတီတီသည် Klara and the Sun ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဆိုနီ၏ 3000 Pictures ရုပ်ရှင်စတူဒီယိုနှင့် ဆွေးနွေးနေကြောင်း သိရသည်။


Klara and the Sun ဝတ္ထုသည် Klara အမည်ရှိ လူအသိဉာဏ်တုပိုင်ဆိုင်ထားသော စက်ရုပ်တစ်ရုပ်နှင့် လူသားတို့ကြားဆက်ဆံရေးကို ပုံဖော်ရိုက်ကူးထားသော သိပ္ပံဒရာမာဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Klara and the Sun ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို 3000 Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ တိုင်ကာဝေတီတီ နောက်ဆုံးရိုက်ကူးထားသော ဇာတ်ကားမှာ Next Goal Wins ဇာတ်ကားဖြစ်ပြီး ယခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

KKO






# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေး

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ အား လစဉ်ပံ့ပိုးကြေးများကို မေ ၅ ရက်က ထုတ်ပေးကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များအား လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ် ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူ့အသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ မေ ၅ ရက်က စတင်ပြီးတော့ ဧပြီလအတွက် ပံ့ပိုးကြေးတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံးအလှူ့အသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေပြုလုပ်ခဲ့တာ (၁၁) ကြိမ်ထိရှိခဲ့ပါပြီ"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။



ထို့ပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအတွင်းက (၁၁) ကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

# Gladiator- 2 ဇာတ်ကား၌ မင်းသား ပက်ဒရိုပါစကယ် ပါဝင်မည်

**နယူးယောက် မေ ၆**

Gladiator-2 ဇာတ်ကား၌ The Last of Us ဇာတ်လမ်းတွဲ မင်းသား ပက်ဒရိုပါစကယ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

Gladiator- 2 ဇာတ်ကားတွင် ပက်ဒရိုပါစကယ်သည် မင်းသား ဂျိုးဆက်ကွင်း၊ မင်းသမီး ကွန်နီနီအယ်ဆင်၊ မင်းသား ပေါမက်စကယ်၊ ဒန်ဇယ်ဝါရှင်တန်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို မူလ Gladiator ဒါရိုက်တာ ဆာရစ်ဒလေစကော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Gladiator- 2 ဇာတ်ကား၌ မင်းသား ပက်ဒရိုပါစကယ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

မင်းသား ပက်ဒရိုပါစကယ်သည် Gladiator- 2 ဇာတ်ကားအပြင် ဒါရိုက်တာ အီသန်ကိုအန်၏ Drive Away Dolls အမည်ရှိ ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ Gladiator- 2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

KKO




# ယခုနှစ် ဇွန်လတွင် Film Star Award ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၆**

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) တည်ထောင်ထားသည့် 3H Art Academy နှင့် Myanmar Universe Academy Pageant Production (MUAPP) Co.,Ltd တို့ ပူးပေါင်း၍ Film Star Award ပြိုင်ပွဲကို ယခုနှစ် ဇွန်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ပြောပြ၍ သိရသည်။

Film Star Award ပြိုင်ပွဲတွင် ရွေးချယ်ခံရသူများကို သရုပ်ဆောင်ပိုင်းနှင့် ပတ်သက်သည့် သင်တန်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး 3H Art Academy က ရိုက်ကူးမည့် ရုပ်ရှင်ကား၊ ဇာတ်လမ်းတွဲ၊ Short Film များတွင် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအတွက် အသေးစိတ်အချက်အလက်များနှင့် လျှောက်လွှာထုတ်ယူရမည့် နေရာများကို Film Star Award Page မှ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲက ဝါသနာရှင်မျိုးဆက်သစ်အနုပညာရှင်များစွာကို မွေးထုတ်ပေးမဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ အမှန်တကယ် အနုပညာကို ဝါသနာပါသူဘယ်သူမဆို လာရောက်လျှောက်ထားပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်။ အခုလိုမျိုးပြိုင်ပွဲတွေကို ဆောင်ရွက်တာက မျိုးဆက်သစ်အနုပညာရှင်တွေ လူသစ်တွေကို မွေးထုတ်ပေးချင်လို့ပါ။ ဒီပြိုင်ပွဲမှာ အသက်အရွယ်ကန့်သတ်ထားတာ မရှိပါဘူး။ အိမ်ထောင်ရှိသူလဲပါဝင်လို့ရတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံက အနုပညာကို ဝါသနာပါတဲ့သူတွေ ဘယ်သူမဆို လာရောက်လျှောက်ထားလို့ရပါတယ်"ဟု ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ပြောပြသည်။

ပြိုင်ပွဲဝင်များအနေဖြင့် Film Star Award Winner ဆုရရှိသူများနှင့် ဆန်ခါတင်ရွေးချယ်ခံရသူများသည် 3H Art Academy နှင့် Myanmar Universe Academy Pageant Production (MUAPP) Co.,Ltd တို့၏ အနုပညာလုပ်ရှားမှုများတွင် ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ASH

# Motion Picture Academy Awards for 2019, 2020 and 2022 presented; SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses ceremony

Nay Pyi Taw May 6

Motion Picture Academy Awards for 2019, 2020 and 2022 were presented at Open Air Theatre near Nay Pyi Taw Town Hall this evening with an address by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present together with the Vice-Senior General were his wife Daw Than Than Nwe, the Joint Secretary and wife, SAC members and wives, union level officials and wives, union ministers and wives, the Nay Pyi Taw Council chairman and wife, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, patrons, chairman and members of Myanmar Motion Picture Asiayon, Myanmar Press Council chair, chairs and members of Myanmar Thabin and Music Asisayons, Myanmar Motion Picture Academy Awards Selection Committee members, intellectuals, intelligentsia and artists of motion picture, literature, thabin and music fields, officials and distinguished guests.



Vice - Senior General addresses the ceremony to present Myanmar Motion Pictures Academy Awards for 2019, 2021 and 2022.

Vocalists sang songs to the accompaniment of the MRTV music band. Master of ceremonies introduced the ushers individually. The Vice-Senior General and party cordially greeted by Union Minister for Information U Maung Maung Ohn and MMPA Chairman U Kyi Soe Tun and officials.

Union Minister for Information U Maung Maung Ohn and MMPA Chairman U Kyi Soe Tun, winner of academy awards, erected and formatted an academy award statue through digital mapping.

A video clip **"from centenary onward"** was presented by MRTV and IPRD in honour of the ceremony.



Vice-Senior General Soe Win greets academy winners.

In his address, the Vice-Senior General expressed pleasure to organize the academy award presentation ceremony in Nay Pyi Taw on a grand scale after a two-year absence due to COVID-19. He said the age of Myanmar motion pictures reached 100 years in 2020, and now it is 103 years old. Normally, film is a wonderful art formed by mental images and technology. Filming is an art that arouses social awareness and that enriches the minds through artistic value. It is a combination of literature, music, drama, painting, sculpture and photography. The Myanmar film industry deserves honor for its service in the national interest for over 100 years. It is dutiful to the people and country by providing entertainment in various forms and portraying the vital sectors and objective conditions of the country throughout the successive eras till now.

Preservation of traditional culture is one of the factors for national development. Movies are also a part of culture. If a developing film industry is the national strength, we can imagine the important role of the people of the movie world. The adopted social objectives include the point **"To respect and promote the customs and traditions of all national peoples and preserve and safeguard their faiths, culture and national characteristics based on national spirit"** This objective stands witness to the government's serious efforts towards protecting and preserving the culture and national characteristics of the people. Participation of the people of the film industry is of vital importance in realizing the objective. The power of movies is vitally important as they portray the value of culture. It has the soft power over peace, unity and progress. So people of the profession should play their role in collectively striving for development of the race and flourishing of patriotism. The government is implementing the two visions **"national prosperity and food sufficiency"** that meet the nation's objective conditions and that are the most suitable goals. They are practical and the most important needs for daily lives of the people. Movie professionals are creating movies under the slogan **"movies are for the people."** Collective involvement in realizing the said goals amounts to implementing the slogan practically. Hence, movie artists should lend a

*See Page 13*

*From Page 12*

helping hand with correct vision and thought and goodwill in the interest of the nation and people.

I would like to urge you all to cooperate with the government to achieve two national objectives and two political objectives out of goodwill based on correct ideologies and knowledge in the interests of the future of the country and the majority of the people as people who are trying to march forward.

Art is always youthful and it is the art of making films that can especially create all sorts of aesthetic values by united efforts. Unlike literature, music, performing arts, painting, sculpture and photography, can motion pictures instill in moviegoers who watch films for a limited



Motion Picture Academy Awards ceremony for 2019, 2020 and 2022 in progress.

period of time various kinds of feelings such as happiness, pleasure, sadness, fear, anger, greed, ignorance and worries only when producers, novelists, screenplay writers, actors and actresses, supporting actors and actresses, extras, cinematographers, sound technicians, musicians, editors, cameramen, lighting technicians, shooting managers and transport operators make concerted efforts.

To this end, artists and film technicians are required to always study artistic tasks, which have developed from time to time and create films, which international standards in the future. In doing so, it is necessary for artists and film technicians to preserve and protect national cultural characteristics on the other hand.

I hope that artists and film technicians will be able to carry out their artistic work without bias by focusing on the art of film making, to which lives of artists have been devoted to, and appreciating the love of beloved fan in the struggle for daily life and preservation of traditions and culture.

97 movies were released in 2019, 21 in 2020 and 20 in 2022, and awards will be presented to the persons who deserve. The ceremony shows the unity of the movie world. Moreover, the industry is in the limelight again after a pause due to COVID-19.

In other words, it can be said that the time has come for the film industry to revive. The academy award presentation ceremony marks the revival not only of the film industry but also of the theatre, music and performing arts industries. It is not wrong to say that the ceremony is a one that is concerned with all members in the film industry. It is believed that all organizations from film, music, theatre and literature industries will continue to happily and concertedly work energetically in their respective fields as usual after the ceremony.

The Myanmar film industry has produced more than 4,000 movies during the period from its early age to 2022. Academy award presentation ceremonies were held for 63 times from 1952 to 2018. Today's ceremony is the 64th academy award presentation ceremony, which is held for three years including 2019, 2020 and 2022. A total of 423 academy awards for performing art and techniques were presented until the 63rd academy award presentation ceremony, which was held in 2018 and as life-long outstanding academy awards could be presented in 2022 to two artistes who have devoted their lives to the industry to serve the public through their



Vice-Senior General Soe Win presents Academy Award to Sai Sai Kham Hlaing.

performing art, a total of 425 academy awards including five life-long outstanding academy awards have been presented.

In retrospect, the history of the Myanmar film industry can be divided into the silver jubilee period (1920-1945), the gold jubilee period (1946-1970), the diamond jubilee period (1971-1995), the centenary period and the post-centenary period. As the silver jubilee period (1920-1945) was the early age of the industry and coincided with the time when the country was colonized by another country, it was the period when entire national people were struggling against colonialists by mobilizing the public through their literature, music, performing arts and theatrical arts out of patriotism, anti-slavery spirit, anti-aggression pride and the courage of repellency.

The silver jubilee period, in which the industry mobilized the people to fight against colonialists, to regain independence and sovereignty, to liberate the entire people and to sacrifice for the country out of bravery, could be recorded as the heyday of the Myanmar film industry in its history.

Similarly, artistes, technicians and members of the industry served the interests of the country and the people through their artistic performance during the gold jubilee period, the diamond jubilee period and the centenary period and entertained the public with their artistic performance. In addition to entertaining the public, the industry has been able to depict Myanmar culture, lovely traditions and natural beauties of the country and has participated in mobilizing and informing the public for the national development in successive eras until now.

Members of the industry have produced films for propagation of national patriotism, development of wisdom of the people and preservation of Myanmar culture and they are the ones who have played in stories and plots which will serve the interests of the people through their artistic performance to highlight the objectives of the country in successive eras from various points of view.

All cinema halls in the country were shut down in 2020 due to COVID-19 outbreak across the world and cinema halls have been reopened in accordance with COVID-19 restriction since Myanmar New Year on 17 April, 2022 thanks to efforts of the Ministry of Information, the Myanmar Motion Pictures Organization and film producers. I am glad to learn that the number of moviegoers has increased although the situation has not returned to normal. As it can be seen that leaders of film industry, artistes, film siblings and movie enthusiasts are happy to join the ceremony, it is felt that feelings of peace and happiness can be shared to the public thanks to the united strength of the government, the people and artistes.

As Myanmar Motion Pictures Organization, after scrutinizing films in accordance with academy criteria, will present academy awards this evening, it is believed that artistes and technicians who played their respective artistic roles in films and film lovers will be excited.

As one of the distinctive features of this year's ceremony, not only academy awards but also the best costume award, which is presented in the international film industry, will be conferred on the winner. The award is offered at the ceremony to honour the artistes who have attended the ceremony. It is believed that making such arrangements for distinctive features will concur with the will of the film artistes and movie lovers.

It is also believed that academy award winning artistes this year will be able to acquire strength to achieve greater success and to exert more efforts in the industry. On the other hand, I would like to urge all to continue to serve the interests of the people in accordance with the objective of creating films for the people out of goodwill for development of the country, the spirit of good citizens who respect the law and the patriotism for the people and the country.

Similarly, I hope artistes who have not won academy awards

*See Page 14*

*From Page 13*

will win ones in the future by enhancing their artistic performance.

I appreciate the media sector including film, literature, performing art, music, painting and sculpture industries. It is also believed that they will be a force that serves the interests of the country and the people through their fine arts. It is known to all that the needs of artistes and media persons have been fulfilled as much as possible during the assumption of duties by the SAC. Plans are underway to continue to support them. I would like to urge all to serve the interests of the country and the people in accordance with the fine historical tradition of The Fourth Estate or the media sector including the film industry.

I would like to honour and thank the Myanmar Motion Picture Organization and responsible officials for their cooperation with the government to successfully organize the academy award presentation ceremony on a grand scale.

Then, Chairman of the Myanmar Motion Picture Organization winner of academy awards U Kyi Soe Tun spoke words of pleasure.

Afterwards, attendees were entertained with academy signature rendition performed jointly by the Fine Arts Department of the Ministry of Religious Affairs and Culture and the MMPO.

Then, the master of ceremony explained the scrutinizing tasks of films and award categories for the academy award presentation ceremony for 2019, 2020 and 2021.

After that, the winners of the Myanmar Motion Picture Academy Award were announced for individual winners by the artists and the awards were given. The Best Cinematography Award (2019) was won by U Arkar Toe for the film "Legend of the Rain" and the Best Cinematography Award (2020) was won by U Phyo Kyaw for the film "Music Performed by Padauk."

The Best Film Music Award (2019) was won by U Kyaw Kyaw Tun for the film "The Milk Ogre" and the Best Film Music Award (2020) was won by U Aung Ko Latt for the film "Gandhabba."

The Best Film Sound Award (2019) was won by U Kyi Min Thein for the film "1014.",

The Best Film Editing Award (2019) was won by U G-3 and U Kyaw Khaing Soe for the film "1014" and the Best Film Editing Award (2022) was won by U Kyi Thar for the film "The Butterfly Trap."

The Best Screenplay Award (2019) was won by U Maung Myat Swe for the film "Responsible Citizen."

Veteran academy award-winning artists presented the award winners with outstanding awards, and the award winners expressed their gratitude.

After that, as a special program, the Best Myanmar Academy Fashion Awards selected for the artists who attended this year's ceremony were presented. Veteran winner of academies Daw Swe Zin Htike presented the awards to U Yan Aung, who won the Best Myanmar Academy Fashion Award for veteran actors, Daw Soe Myat Thuzar, who won the Best Myanmar Academy Fashion Award for veteran actresses, U Aung Ye Lin, who won the Best Myanmar Academy Fashion Award for actors, and Daw Moe Hay Ko, who won the Best Myanmar Academy Fashion Award for actresses.

Next, winners of the Myanmar Motion Picture Academy Award were announced for individual winners by the union minister for information and veteran artists and the winners were presented with the awards. Music Performed by Padauk won The Best Film Award (2020) and Waymanaychinbu (Don't Want To Be Away From You) won the Best Film Award (2022).

The special award for Best Dress Award (2020) was won by Daw Htay Htay Tin and team for the film "Karmaphala (Fruits of the Actions.)".

The Best Film Director Award (2020) was won by Director Mee Pwar for the film "Music Performed by Padauk."

The Best Supporting Actress Award (2019) was won by Khin Wint War for the film "Hlatwyail-wintthaw" and the Best Supporting Actress Award (2020) was won by May Thinzar Oo for the film "Golden Princess" while the Best Supporting Actor Award (2019) was won by Shwe Htoo for the film "Legend of the Rain" and the Best Supporting Actor Award (2020) was won by Ohn Thee for "Thaung Tike Ka Kyar Say Thar.


The Best Actress Award (2019) was won by Eaindra Kyaw Zin for the film "Hit Taing", the Best Actress Award (2020) was won by Soe Pyae Thain for the film "Golden Princess" and the Best Actress Award (2022) was won by Shwe Hmon Yati for the film "Don't Want To Be Away From You.".

Union Minister U Maung Maung Ohn and veteran academy award-winning artists presented the award winners with the outstanding awards to winners, who expressed their gratitude then.

The Vice - Senior General presented awards to Myint Myat, who won the Best Actor Award (2019) for the film "Tears Shed on Yoma", Sai Sai Kham Leng, who won the Best Actor Award (2020) for the film "Music Performed by Padauk" and Pyay Te Oo, who won the Best Actor Award (2022) for the film "The Butterfly Trap."



Shwe Hmone Yadi accepts Academy Award.



Eindra Kyaw Zin accepts Academy Award.

The Union Minister for Information and veteran academy award-winning artists presented the award winners with outstanding awards, and the award-winners expressed their gratitude.

While the awards were being presented, artists from the Myanmar Music Association, the Myanmar Film Association and the Myanmar Drama Association take turns performing.

After that, the SAC Vice Chairman and members took a photo together with the winners of Myanmar Film Excellence Awards and they warmly greeted experts, professionals and artists from film, literature, drama and music sectors.

In 2021, movies were not screened due to the Covid-19 disease, but starting from April 2022, movies were screened again, and by the end of the year, 20 movies were screened.

A total of 97 Myanmar films that were screened in 2019, 21 Myanmar films that were screened in 2020 and 20 Myanmar films that were screened in 2022 were evaluated step by step by the Myanmar Motion Picture Academy Award judging panel, and the best films were selected and presented with awards.

Since 1952, the Myanmar Motion Picture Academy Award has been awarded and only Best Picture Award, Best Actor Award and Best Actress Award were awarded. In Best Picture Award, Golden Canary statue was awarded as the first prize for the film, Silver peacock as the second prize, Bronze lion statue as the third prize, and only gold brooches were awarded for the Best Actor Award and Best Actress Award. Starting with the 1957 Academy Awards, the format of the awards was changed, and all awards were given with golden canaries.

More academy awards were given year by year and the Best Director Award in 1954, the Special Award in 1955, the Best Cinematography Award in 1956, the Best Supporting Actor Award and the Best Supporting Actress Award in 1962, the Best Screenplay Award, the Best Film Award and the Best Music Award in in 1990. There had been 10 types of Myanmar Motion Picture Academy Award, and in 1994, the Best Editing Award has also been awarded, bringing the number of awards to 11 types.

The Myanmar Motion Picture Academy Award ceremonies held from 1952 to the 2018, 208 artists and professionals were given awards, including one award winner of the 7 academy awards, 4 award winners of the 6 academy awards, 7 award winners of the 5 academy awards, 5 award winners of the 4 academy awards, 21 award winners of the 3 academy awards, 42 award winners of the 2 academy awards and 128 award winners of the one academy award. Since 1993, a two-carat gold star has been installed instead of the silver star installed on the golden canary statue, and since the Myanmar Motion Picture Academy Award held in 2017, the award has been changed to a five-carat gold star instead of a two-carat gold star.

100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses National Disaster Management Committee emergency meeting



Vice-Senior General Soe Win addresses National Disaster Management Committee emergency meeting.

**Nay Pyi Taw May 6**

The National Disaster Management Committee held an emergency work coordination meeting at the Ministry of Social Welfare, Relief and Resettlement here at 2pm today, addressed by Committee Chairman Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present at the meeting were Union ministers, the Nay Pyi Taw Council chairman, Chief of the General Staff (Army, Navy and Air), Commander-in-Chief (Navy), Commander-in-Chief (Air), senior officers from the Office of the Commander-in-Chief, deputy ministers and officials, while region and state chief ministers attended it through video conferencing.

In his speech, the Vice-Senior General said that according to European Centre for Medium Range Weather Forecast, FS Model and Myanmar's Department of Meteorology and Hydrology, a low pressure area will intensify into a storm and a very powerful cyclone around May 8 in the Bay of Bengal, and it is likely to enter Yangon Region and the buffer zone or the coastal area of Ayeyawady Region. However, an emergency meeting had to be called to overcome the natural disaster with least loss and damage despite a public holiday for departmental personnel who are responsible for performing duties for the State.

There are two possible routes through which the storm may enter Myanmar's coastal region. The first route is the land between Kungyangon Township in Yangon Region and Pyapon Township. The second route is the land between Sittway and Kyaukphyu after passing through Rakhine Coast. These are all forecasts. The exact route could be known only after the low pressure area becomes a storm. The stormy is likely to enter Myanmar around May 13 and 14.

This is why, preparedness measures need to start now. The national disaster management standing order (2022) has been already issued. The Tatmadaw has also issued what is needed while the National Disaster Management Committee has compiled and issued them. Likewise, I believe that respective regions and states have adopted the standing order and procedures on the disaster management.

Even if the storm changes to other routes, our preparedness and rehearsal will yield benefits. Today's meeting was called because preparedness is essential.

Disaster management is of two parts—national level response and Union Territory Nay Pyi Taw, region and state level response. National level response has already carried projects and directives. From now on, what should be amended must be amended. We have already experienced storms. Of the storms that occurred in Myanmar, the cyclone Nargis in 2008 is the worst.

Therefore, all data about emergency management have been collected. Measures must be taken to procure enough emergency equipment. As such, the national level committee and region/state management committees need to cooperate with each other. Moreover, it is necessary to coordinate with volunteers, Tatmadaw members, security forces, departmental staff and the people for all preparations. Similarly, township- and village-wise preparedness measures are required for the people living along the coastal area.

As per the national disaster management standing order (2022), twelve work committees must carry out tasks for preparedness, response and rehabilitation according to Chapter (4) for national level emergency management and response. According to Chapter (5), work committees formed in the regions and states must do thier respective tasks as well. According to Chapter (6), the Tatmadaw (Army, Navy and Air) members play their parts in preparedness, response and rehabilitation measures on a detailed basis.

According to the standing order, the national committee and region/state committees need to coordinate and share those tasks, the Vice-Senior General said. He then invited suggestions from the meeting participants.

Next, Committee Vice Chairs Union Ministers Lt-Gen Soe Htut and Dr Thet Thet Khaing reported on preparations for response, rescue and cooperation if a natural disaster befalls.

Then, work committee chairmen Union ministers, the Chief of the General Staff (Army, Navy and Air), Commander-in-Chief (Navy) and Commander-in-Chief (Air) discussed response and preparedness measures against any natural disasters including a possible cyclone in the Bay of Bengal.

Then, Deputy Minister for Transport and Communications U Aung Kyaw Tun reported on possible entry of a cyclone into Myanmar and prompt campaigns and alerts for storm warnings via State media and telecom operators.

The Nay Pyi Taw Council chairman reported on response and preparedness measures, construction of shelters and rescue and relief efforts in all areas.

Afterwards, those in attendance gave their suggestions and the Vice-Senior General attended to the needs.

Committee Secretary Deputy Minister U Soe Kyi explained the resolutions of the emergency meeting and sought approval from the committee.

It was decided that the Disaster Management Committee will open an office at the Ministry of Social Welfare, Relief and Resettlement at Building No.23 on 8 May.

Later, the Vice-Senior General made a concluding remark and the meeting came to a close. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**" ယခုနှစ်တွင် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများ ဆက်လက်အောင်မြင်တိုးတက်စေရန်အတွက် အားအင်များပိုမိုရရှိပြီး မိမိအနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြလိမ့်မည်ဟုယုံကြည်၊ တစ်ဖက်တွင်လည်း နိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ်၊ တရားဥပဒေကို လေးစားလိုက်နာသည့်နိုင်ငံသားကောင်းစိတ်၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးသာယာတိုးတက်စေလိုသည့်စိတ်ကောင်းစေတနာများဖြင့် "ရုပ်ရှင်သည် ပြည်သူ့အတွက်" ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဆက်လက်ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလို၊ ထူးချွန်ဆုမရရှိသေးသည့်အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏အနုပညာစွမ်းပကားကို ဆက်လက်မြှင့်တင်ကြိုးပမ်းရင်း ထူးချွန်ဆုများဆွတ်ခူးနိုင်ကြပါစေဟု အားပေးတိုက်တွန်းပြောကြားလို...**"

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများထဲတွင် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မှုရှိခြင်းသည်လည်းအပါအဝင်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဟုဆိုလိုက်သည့်အခါ လူသားများကိုယ်တိုင် ဖန်တီးရယူထားသည့် အနုပညာအစိတ်အပိုင်းတစ်ခုဖြစ်သည့် ရုပ်ရှင်အနုပညာရပ်လည်းပါဝင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ရုပ်ရှင်အနုပညာဖွံ့ဖြိုးတိုးတက်မှုသည် အင်အားတစ်ရပ်ဟုဆိုပါက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသည်ကို တွေးဆဆင်ခြင်နိုင်ကြမည်ဖြစ်ပါကြောင်း။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ ရွှေထူးအား ဆုချီးမြှင့်စဉ်။

ထို့ကြောင့်လည်း မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံတော်အစိုးရ၏ လူမှုရေးဦးတည်ချက် (၄)ရပ်ထဲတွင် **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"** ဆိုသည့်အချက်ကို ထည့်သွင်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် မည်မျှအလေးအနက်ထားဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဦးတည်ချက်အောင်မြင်ရန်အတွက် ရုပ်ရှင်အနုပညာသမားများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါသည်ဟု ပြောကြားလိုပါကြောင်း။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း ဝမ်းမြောက်စကားပြောကြားစဉ်။

**အနုပညာတစ်ရပ်က ပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာက ပေးစွမ်းနိုင်မှုများသည် အင်မတန်အရေးပါ အရာရောက်သည်ဟု မိမိအနေဖြင့် တွေးမြင်ခံစားမိ**ပါကြောင်း၊ **တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာသည် နိုင်ငံငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩဇာသက်ရောက်မှုရှိသည့် Soft Power တစ်ခုဖြစ်သောကြောင့် အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရေးအတွက် ကျရာကဏ္ဍမှ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားလို**ပါကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် **"တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး"** ဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်များသည် ယနေ့နိုင်ငံတော်နှင့် ပြည်သူများ၏ ပကတိအခြေအနေအရ အလိုအပ်ဆုံးနှင့်အဖြစ်သင့်၊ အဖြစ်ထိုက်ဆုံး ရည်မှန်းချက်များပင် ဖြစ်ပါကြောင်း။ **စာမျက်နှာ ၁၉ သို့**



၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်လာသူများကိုတွေ့ရစဉ်။

စာမျက်နှာ ၁၈ မှအဆက်

နိုင်ငံတော်အစိုးရက ရည်မှန်းအကောင်အထည်ဖော်နေသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက်(၂) ရပ်သည် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝများအတွက် အလိုအပ်ဆုံး၊ လက်တွေ့အကျဆုံးသောအရာများဖြစ်ပါကြောင်း၊ ပြည်သူထဲက ပြည်သူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝများ အနုပညာလုပ်ငန်းများကို ရှုန်းကန်လျှောက်လှမ်းချီတက်နေကြသူများပီပီ အနာဂတ်နိုင်ငံတော်နှင့် ပြည်သူအများစု၏အကျိုးကို ရှေးရှုပြီး အတွေးအခေါ်မှန်မှန်၊ အသိအမြင်မှန်မှန်၊ စိတ်ကောင်းစေတနာများဖြင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ် အောင်မြင်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အနုပညာဆိုသည်မှာ ထာဝရနုပျိုလျက်ရှိပါကြောင်း၊ အထူးသဖြင့် ရုပ်ရှင်အနုပညာဆိုသည်မှာ စုပေါင်းညီညွတ်မှုအားဖြင့် ဖန်တီးမှသာ ရသပေါင်းစုံပေါ် ထွက်လာသည့် ပညာရပ်လည်းဖြစ်ပါကြောင်း၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ စသည့် အနုပညာများထက် ရုပ်ရှင်အနုပညာသည် ထုတ်လုပ်သူ၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ ဓာတ်ပုံ၊ အသံ၊ ဂီတ၊ တည်းဖြတ်အပါအဝင် ကင်မရာသမား၊ မီးထိုးသမား၊ ရှုတင်မန်နေဂျာနှင့် သယ်ယူပို့ဆောင်ရေးအဆုံး စုပေါင်းညီညွတ်စွာ ရုပ်ရှင်အနုပညာကိုဖန်တီးမှသာ ရလဒ်အနေဖြင့် တဒင်္ဂကြည့်ရှုကြရသည့်ရုပ်ရှင်ချစ်ပရိသတ်များ၏ရင်ထဲသို့ ပျော်ရွှင်မှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ကြောက်ရွံ့ထိတ်လန့်မှု၊ ဒေါသ၊ လောဘ၊ မောဟ၊ စိုးရိမ်ပူပန်မှု စသည့် ရသစုံပေးစွမ်းခံစားစေနိုင်ခြင်းဖြစ်ပါကြောင်း။

ထိုသို့ ဖန်တီးပေးနိုင်စွမ်းရှိရန်အတွက်လည်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အနုပညာရပ်ဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ်လေ့လာပြီး အနာဂတ်တွင် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်အနုပညာရပ်များကို ဖန်တီးနိုင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ဖန်တီးရင်း တစ်ဖက်ကလည်း မိမိတို့၏အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဖန်တီးရင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ ဘဝနှင့် နေ့စဉ်လူမှုစီးပွားဘဝ ရုန်းကန်ရာတွင်လည်း မိမိတို့ကို ချစ်ခင်လေးစားတန်ဖိုးထားကြသည့် ရုပ်ရှင်ချစ်ပရိသတ်အများစုတို့အပေါ် တုံ့ပြန်တန်ဖိုးထားလေးစားလျက် ရုပ်ရှင်အနုပညာရပ်တစ်ခုတည်းအပေါ်တွင်သာ အာရုံစူးစိုက်ပြီး ဘဝနှင့်ရင်း၍ မြှုပ်နှံဆောင်ရွက်ခဲ့ရသည့် မိမိချစ်ခင်နှစ်သက် မြတ်နိုးတန်ဖိုးထားသည့် ရုပ်ရှင်အနုပညာလုပ်ငန်းများကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ထာဝရရှင်သန်ဆောင်ရွက်နိုင်ကြပါစေဟုလည်း ဆန္ဒပြုအပ်ပါကြောင်း။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို မကြာခင်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား(၉၇) ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား(၂၁)ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် ဇာတ်ကား (၂၀)ထဲက ချီးမြှင့်သင့်ချီးမြှင့်ထိုက်သည့် ထူးချွန်ဆုများကို ချီးမြှင့်ပေးမည်ဖြစ်ပါကြောင်း။

ယခုလို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် မြန်မာ့ရုပ်ရှင်လောကသားများ၏ စုစည်းမှုနှင့် စည်းလုံးညီညွတ်မှုစွမ်းအားကို ပြသနိုင်ခြင်းဖြစ်သကဲ့သို့ ကိုဗစ်ကပ်ရောဂါကြောင့် ရပ်ဆိုင်းခဲ့ရသည့် မြန်မာ့ရုပ်ရှင်လောက စင်မြင့်ကြီးပေါ် ပြန်လည်ရောက်ရှိလာပြီဟု ဆိုရမည်ပင်ဖြစ်ပါကြောင်း။

တစ်နည်းပြောရပါက ရုပ်ရှင်လောကကြီး ပြန်လည်သက်ဝင်လှုပ်ရှားရန်အချိန်အခါ ကျရောက်လာပြီဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း၊ **ယခုကျင်းပသည့်ထူးချွန်ဆုပေးပွဲသည် ရုပ်ရှင်လောကတစ်ခုတည်းအတွက် သာမက ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာလောကသားများအားလုံးအတွက်ပါ ပြန်လည်သက်ဝင်လှုပ်ရှားလာသည့်ပွဲလည်း ဖြစ်**ပါကြောင်း၊ **အနုပညာရှင်လောကသားများအားလုံးနှင့် ဆက်နွှယ်နေသည့်ပွဲဟု ဆိုလျှင်လည်းမမှား**ပါကြောင်း၊ **ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေအဖွဲ့အစည်းအားလုံးသည် ယခုပွဲကြီးပြီးသွားပါက အနုပညာနယ်ပယ်အသီးသီးတွင် ယခင်ကလိုအရှိန်အဟုန်ဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားနိုင်ကြမည်ဟုလည်း ယုံကြည်**ခံစားမိပါကြောင်း။

မြန်မာ့ရုပ်ရှင်သည် ရုပ်ရှင်ခေတ်ဦးမှ ၂၀၂၂ ခုနှစ်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း (၄၀၀၀)ကျော် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စုစုပေါင်း (၆၃)ကြိမ်ကျင်းပချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့်ပွဲသည် (၆၄) ကြိမ်မြောက်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် (၃)နှစ်စာ တပေါင်းတည်း ကျင်းပသည့်ပွဲလည်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်ကကျင်းပခဲ့သော (၆၃) ကြိမ်အထိ ရုပ်ရှင်အနုပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ထူးချွန်ဆုပေါင်း (၄၂၃)ဆုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်တွင်လည်း ရုပ်ရှင်လောကနှင့်ပတ်သက်၍ တစ်သက်တာလုံးမြှုပ်နှံပြီး နှစ်ပေါင်းများစွာ အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုခဲ့သူများကို ရုပ်ရှင်တစ်သက်တာထူးချွန်ဆုအဖြစ် သရုပ်ဆောင်အနုပညာရှင်ကြီး (၂)ဦးကိုချီးမြှင့်နိုင်ခဲ့သည့်အတွက် ယနေ့အထိ ရုပ်ရှင်တစ်သက်တာထူးချွန်ဆု(၅)ဦး အပါအဝင် ထူးချွန်ဆုပေါင်း (၄၂၅)ဆုကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့၏ မြန်မာ့ရုပ်ရှင်ဖြတ်သန်းခဲ့သည့် ခေတ်ကာလ သမိုင်းပုံရိပ်များကိုကြည့်မည်ဆိုပါက (၁၉၂၀-၁၉၄၅)ငွေရတုကာလ၊ (၁၉၄၆-၁၉၇၀) ရွှေရတုကာလ၊ (၁၉၇၁-၁၉၉၅)စိန်ရတုကာလ၊ မြန်မာ့ရုပ်ရှင်ရာပြည့်ကာလနှင့် ယနေ့ရာပြည့်အလွန်ကာလများကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်၏ ငွေရတုကာလ (၁၉၂၀-၁၉၄၅) သည် မြန်မာ့ရုပ်ရှင်သမိုင်း၏ခေတ်ဦးကာလဖြစ်သကဲ့သို့ တိုင်းတစ်ပါးလက်အောက်ခံကိုလိုနီနိုင်ငံဘဝတွင်သာရှိခဲ့သည့်အတွက် မြန်မာတစ်မျိုးသားလုံးက အမျိုးသားရေးစိတ်၊ သူ့ကျွန်မခံလိုသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုကို အန်တုလိုသည့်မာန်၊ တုံ့ပြန်တွန်းလှန်လိုသည့်သတ္တိ စသည်တို့ကို မိမိတို့လက်ဝယ်တွင်ရှိသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာစွမ်းပကားများနှင့် အဘက်ဘက်က စည်းရုံးလှုံ့ဆော်တိုက်ပွဲဝင်နေသည့် အချိန်ကာလပင်ဖြစ်ပါကြောင်း။

ထိုသို့ နယ်ချဲ့တော်လှန်ရေး၊ လွတ်လပ်ပြီးအချုပ်အခြာအာဏာကို ပိုင်စိုးသည့် နိုင်ငံဘဝကို ပြန်လည်ရရှိရေး၊ တစ်မျိုးသားလုံးလွတ်မြောက်ရေးအတွက်နှင့် တက်ကြွရဲဝံ့စွာစွန့်လွှတ်စွန့်စားလိုသည့် ပြည်သူများ၏ စွမ်းပကားကို တွန်းအားပေးခဲ့သည့် မြန်မာ့ရုပ်ရှင်ငွေရတုကာလသည် မြန်မာ့ရုပ်ရှင်သမိုင်းတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်သည့်အချိန်များပင်ဖြစ်ကြောင်း မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

အလားတူပင် မြန်မာ့ရုပ်ရှင် ရွှေရတုကာလ၊ စိန်ရတုကာလနှင့် ရာပြည့်နှစ်ကာလများထိတိုင် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်လောကသားများသည် မိမိတို့၏ အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးပြုခဲ့ကြသကဲ့သို့ အနုပညာရသအစုံဖြင့် ပြည်သူများ၏ စိတ်နှလုံးကိုရွှင်ပြုံးအပန်းပြေစေခဲ့ပါကြောင်း၊ ပြည်သူများကို ဖျော်ဖြေရေးသာမက နိုင်ငံ၏ယဉ်ကျေးမှု၊ ချစ်စဖွယ်မြန်မာ့ဓလေ့နှင့် မြန်မာ့အလှသဘာဝများကို ရိုက်ကူးတင်ပြပေးခဲ့ကြသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ပြည်သူလူထုကို စည်းရုံးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများတွင်လည်း ခေတ်အဆက်ဆက်ကနေ ယနေ့ထိတိုင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ထိုသို့ ရုပ်ရှင်အနုပညာရှင်များသည် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ၏ အသိအမြင်ပညာတိုးတက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ဦးတည်ရိုက်ကူးခဲ့ကြသကဲ့သို့ ခေတ်ကာလအလိုက် နိုင်ငံတော်၏ ဦးတည်ချက်များကို ပေါ်လွင်ပြောင်မြောက်အောင် ရှုထောင့်အမျိုးမျိုးကကြည့်မြင်ပြီး ပြည်သူကိုအများဆုံးအကျိုးပြုနိုင်မည့် အသိပညာပေးနိုင်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်၊ အမှုအရာဖန်တီးချက်များဖြင့် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့ကြသူများလည်းဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများပြသမှု ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်ထုတ်လုပ်သူများက ကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီ (၁၇) ရက် မြန်မာနှစ်ဆန်း တစ်ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးစည်းကမ်းချက်များနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကလို ပုံမှန်အခြေအနေကိုမရောက်သေးသော်လည်း ပြသမှု၊ ပရိသတ်ကြည့်ရှုမှုများသည် တိုးတက်နေသည်ကိုသိရ၍ ဝမ်းသာမိပါကြောင်း။

ယနေ့ကျင်းပသည့် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ရုပ်ရှင်အနုပညာလောကကို ဦးဆောင်နေကြသည့် အနုပညာရှင်ကြီးများနှင့်အတူ အနုပညာမောင်နှမများနှင့် ရုပ်ရှင်ချစ်ပရိသတ်များအားလုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် မြင်တွေ့ကြရသည့်အတွက် နိုင်ငံတော်၊ ပြည်သူနှင့်အနုပညာရှင်တို့၏ စုစည်းအားနှင့် အေးချမ်းပျော်ရွှင်သည့် ခံစားမှုရသများကို ဝေမျှပေးနိုင်သည့်ပွဲဟု ခံစားမိပါကြောင်း။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်စံချိန်စံညွှန်းများနှင့်အညီ စိစစ်ရွေးချယ်ပြီး ယနေ့ညတွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည့်အတွက် ဇာတ်ကားအသီးသီးတွင်၊ ကျရာအနုပညာကဏ္ဍအသီးသီးတွင် ပါဝင်စွမ်းဆောင်ထားကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်ချစ်သူပရိသတ်များအားလုံးရင်ခုန်နေကြမည်ဟု ထင်မိပါကြောင်း။

ယခုနှစ်ကျင်းပသည့် အခမ်းအနားတွင် ထူးခြားမှုတစ်ခုအနေဖြင့် ရုပ်ရှင်ထူးချွန်ဆုများသာမက နိုင်ငံတကာရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားများတွင် ချီးမြှင့်လေ့ရှိသည့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ချီးမြှင့်ရခြင်းသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို တက်ရောက်လာသည့် အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် ထည့်သွင်းစီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့သော တစ်မူထူးခြားမှုများဖြင့် တင်ဆက်သွားမည်ဖြစ်သည့်အတွက် အနုပညာရှင်များနှင့် ရုပ်ရှင်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ချစ်ပရိသတ်များ၏ ဆန္ဒနှင့်ထပ်တူညီလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

**ယခုနှစ်တွင် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများ ဆက်လက်အောင်မြင်တိုးတက်စေရန်အတွက် အားအင်များပိုမိုရရှိပြီး မိမိအနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြလိမ့်မည်ဟု ယုံကြည်**ပါကြောင်း၊ **တစ်ဖက်တွင်လည်း နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်၊ တရားဥပဒေကို လေးစားလိုက်နာသည့် နိုင်ငံသားကောင်းစိတ်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးသာယာတိုးတက်စေလိုသည့် စိတ်ကောင်းစေတနာများဖြင့် "ရုပ်ရှင်သည် ပြည်သူ့အတွက်" ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဆက်လက်ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလို**ပါကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏အနုပညာစွမ်းပကားကို ဆက်လက်မြှင့်တင်ကြိုးပမ်းရင်း ထူးချွန်ဆုများ ဆွတ်ခူးနိုင်ကြပါစေဟု အားပေးတိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရုပ်ရှင်အနုပညာအပါအဝင်၊ စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသည့် မီဒီယာကဏ္ဍကို လေးစားတန်ဖိုးထားပါကြောင်း၊ အနာဂတ်မိမိတို့၏ သုခုမအနုပညာများနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးရွက်ဆောင်ပေးနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်လာလိမ့်မည်ဟုယုံကြည်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူစဉ်ကာလအတွင်းတွင် အနုပညာသမားများ၊ မီဒီယာသမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းကူညီဆောင်ရွက်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း ပံ့ပိုးအားပေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များအပါအဝင် မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်သည် ဖြတ်သန်းခဲ့သည့်သမိုင်းအစဉ်အလာကောင်းများအတိုင်း နိုင်ငံနှင့်လူမျိုး၊ ပြည်သူလူထုကို အကျိုးပြုပေးနိုင်ကြရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်း၊ ယခုလို နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ရှင်ထူးချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကြီးကို ခမ်းခမ်းနားနားကျင်းပဂုဏ်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် အခမ်းအနားကြီးအောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအားလုံးကိုဂုဏ်ပြုပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်တင်ဆက်သည့် အကယ်ဒမီပဏာမတီးလုံးပြကွက်ဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို အနုပညာရှင်ကြီးများက တစ်ဦးချင်းဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများဖြစ်သည့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု(၂၀၁၉)ကို "ဒဏ္ဍာရီမိုး" ဇာတ်ကားဖြင့် အာကာတိုး၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု (၂၀၂၀) ကို " ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် ဖြိုးကျော်တို့က ရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်တေးဂီတဆု(၂၀၁၉) ကို "နို့ဘီလူး" ဇာတ်ကားဖြင့် ကျော်ကျော်ထွန်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု (၂၀၂၀)ကို "ဝန္ဓပ္ပ " ဇာတ်ကားဖြင့် အောင်ကိုလတ်တို့ကရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်အသံဆု (၂၀၁၉) ကို "၁၀၁၄" ဇာတ်ကားဖြင့် ကြည်မင်းသိန်းကရရှိသည်။

အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု(၂၀၁၉) ကို "၁၀၁၄"ဇာတ်ကားဖြင့် ဂျီသမီး ကျော်ခိုင်စိုးနှင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု (၂၀၂၂)ကို "လိပ်ပြာထောင်ချောက်" ဇာတ်ကားဖြင့် ကြည်သာတို့ကရရှိကြသည်။

အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (၂၀၁၉) ကို "နိုင်ငံကြီးသား" ဇာတ်ကားဖြင့် မောင်မြတ်ဆွေကရရှိသည်။

စာမျက်နှာ ၂၀ သို့




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

ဆုရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် အထူးအစီအစဉ်တစ်ခုအဖြစ် ယခုနှစ်အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သည့် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ(Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုအကြိုတန်းဆုကို ရန်အောင်၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုအကြိုတန်းဆုကို ဗိုးမြတ်သူဇာ၊ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုဆုကို အောင်ရဲလင်း၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုဆုကို မိုးဟေကိုတို့ကရရှိကြပြီး အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက်က ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်ကြီးများက တစ်ဦးချင်းဖွင့်ဖောက်ကြေညာပြီး ဆုများပေးအပ်ချီးမြှင့်ရာ ရုပ်ရှင်အတတ်ပညာဆုများဖြစ်သည့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု(၂၀၂၀) ကို "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု(၂၀၂၂) ကို "ဝေးမနေချင်ဘူး" ဇာတ်ကားတို့ကရရှိကြသည်။

ရုပ်ရှင်အထူးဆုဖြစ်သည့် ၂၀၂၀ ပြည့်နှစ်အတွက် အကောင်းဆုံးဝတ်စားဆင်ယင်ထုံးဖွဲ့မှုဆုကို "ကမ္ဘဖလ" ဇာတ်ကားမှ ဌေးဌေးတင်နှင့်အဖွဲ့ကရရှိသည်။

အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု (၂၀၂၀) ကို "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် ဒါရိုက်တာမီးပွားကရရှိသည်။

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု (၂၀၁၉) ကို "လှပ်၍လွင့်သော" ဇာတ်ကားဖြင့် ခင်ဝင့်ဝါနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု(၂၀၂၀)ကို "ရွှေမင်းသမီး" ဇာတ်ကားဖြင့် မေသဉ္ဇာဦးတို့ကရရှိကြပြီး အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု(၂၀၁၉) ကို "ဒဏ္ဍာရီမိုး" ဇာတ်ကားဖြင့် ရွှေထူးနှင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု (၂၀၂၀)ကို "သောင်းတိုက်က ကြားစေသား" ဇာတ်ကားဖြင့် အုန်းသီးတို့ကရရှိကြသည်။

အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၁၉)ကို "ဟစ်တိုင်" ဇာတ်ကားဖြင့် အိန္ဒြာကျော်ဇင်၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၂၀)ကို "ရွှေမင်းသမီး" ဇာတ်ကားဖြင့် စိုးပြည့်သဇင်နှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု(၂၀၂၂)ကို "ဝေးမနေချင်ဘူး" ဇာတ်ကားဖြင့် ရွှေမှုံရတီတို့ကရရှိကြသည်။

ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိကြသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၁၉) ကို "ရိုးမပေါ်ကျတဲ့မျက်ရည်" ဇာတ်ကားဖြင့် မြင့်မြတ်၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၂၀) ကို "ပိတောက်ကတဲ့ဂီတ" ဇာတ်ကားဖြင့် စိုင်းစိုင်းခမ်းလှိုင်နှင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု(၂၀၂၂)ကို " လိပ်ပြာထောင်ချောက်" ဇာတ်ကားဖြင့် ပြေတီဦးတို့ကရရှိကြပြီး ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆုများပေးအပ်ချီးမြှင့်နေချိန်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရုပ်ရှင်ဇာတ်ကားများကို ရုံတင်ပြသနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် ဧပြီလမှစတင်ပြီး ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ရုံတင်ပြသခဲ့ရာ နှစ်ကုန်အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ကို ရုံတင်ပြသနိုင်ခဲ့သည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအတွက် ၂၀၁၉ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၉၇ ကား၊ ၂၀၂၀ ပြည့်နှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၁ ကားနှင့် ၂၀၂၂ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ တို့ကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်ရေးအဖွဲ့က အဆင့်ဆင့်အကဲဖြတ်ပြီး ယင်းဇာတ်ကားများအထဲမှ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများကိုရွေးချယ်၍ ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ရာ ဇာတ်ကားဆု၊ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည်ဆု ၃ မျိုးကိုသာချီးမြှင့်ခဲ့ပြီး ဇာတ်ကားဆုပထမဆုအဖြစ် ရွှေကိန္နရီရုပ်၊ ဒုတိယဆုအဖြစ် ငွေဒေါင်းရုပ်၊ တတိယဆုအဖြစ် ကြေးခြင်္သေ့ရုပ်များကို ချီးမြှင့်ခဲ့ကာ အကောင်းဆုံးအမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံးအမျိုးသမီးပညာသည်ဆုတို့ကို ရွှေရင်ထိုးများကိုသာ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၇ ခုနှစ်ထူးချွန်ဆုပေးပွဲမှစတင်ပြီး ဆုပုံသဏ္ဍာန်ကိုပြောင်းလဲ၍ ဆုအားလုံးကို တစ်ပြေးညီ ရွှေကိန္နရီရွှေစင်ရုပ်များကို ချီးမြှင့်ခဲ့သည်။

ထူးချွန်ဆုအရေအတွက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အထူးဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုများကို ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိရှိလာခဲ့ကာ ၁၉၉၄ ခုနှစ်မှစပြီး ရုပ်ရှင်တည်းဖြတ်ဆုကိုပါ ထပ်တိုးချီးမြှင့်ခဲ့သဖြင့် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအထိ အနုပညာရှင်နှင့် အတတ်ပညာရှင်ပေါင်း ၂၀၈ ဦးကို ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ထူးချွန်ဆု ၇ ဆုရှင် တစ်ဦး၊ ထူးချွန်ဆု ၆ ဆုရှင် ၄ ဦး၊ ထူးချွန်ဆု ၅ ဆုရှင် ၇ ဦး၊ ထူးချွန်ဆု ၄ ဆုရှင် ၅ ဦး၊ ထူးချွန်ဆု ၃ ဆုရှင် ၂၁ ဦး၊ ထူးချွန်ဆု ၂ ဆုရှင် ၄၂ ဦးနှင့် ထူးချွန်ဆု ၁ ဆုရှင် ၁၂၈ ဦးတို့ကို ထူးချွန်ဆုများပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှစ၍ ရွှေကိန္နရီရွှေစင်ရုပ်တွင် တပ်ဆင်ထားသည့် ငွေကြယ်အစား နှစ်ကျပ်သားရွှေစင်ကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက်ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှစ၍ နှစ်ကျပ်သားရွှေစင်ကြယ်အစား ငါးကျပ်သားရွှေစင်ကြယ်သို့ ပြောင်းလဲပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

➤ ➤ ➤

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင် မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလ ကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

☆ ကျောဖုံးမှအဆက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် European Centre for Medium-Range Weather Forecasts (EC-MWF)၊ Global Forecast System (GFS) Model နှစ်ခုနှင့် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့၏ ကြိုတင်ခန့်မှန်းမှုအရ ဘင်္ဂလားပင်လယ်အော်အတွင်း မေ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲကာ မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးစပ်ကြားနယ်မြေ (သို့မဟုတ်) ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းချက်အရ ရုံးပိတ်ရက်ဖြစ်သော်လည်း နိုင်ငံတော်အတွက် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် တာဝန်ရှိကြသည့် မိမိတို့ပြည်သူ့ဝန်ထမ်းများက အားလပ်ရက် အနားမယူဘဲ ပြည်သူများ သဘာဝဘေးအန္တရာယ်မှ အဆုံးအရှုံးအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရေး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း။

မြန်မာ့ကမ်းရိုးတန်းဒေသသို့ မုန်တိုင်းဝင်ရောက်မည့်လမ်းကြောင်းကို ဖြစ်နိုင်ခြေအရ လမ်းကြောင်းနှစ်ကြောင်း ခန့်မှန်းထားပါကြောင်း၊ ပထမလမ်းကြောင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ကြားမှ ကုန်းတွင်းပိုင်းသို့ဝင်ရောက်မည့် ခန့်မှန်းလမ်းကြောင်းနှင့် ဒုတိယလမ်းကြောင်းအနေဖြင့် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်သန်း၍ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့ကြားမှ ကုန်းတွင်းမုန်တိုင်းအဖြစ် ဝင်ရောက်မည်ဆိုသည့် လမ်းကြောင်းကိုလည်း ခန့်မှန်းထားပါကြောင်း၊ ယင်းတို့သည် ခန့်မှန်းချက်များဖြစ်ပါကြောင်း၊ အတိအကျအနေဖြင့် လေဖိအားနည်းရပ်ဝန်းစတင်၍ မုန်တိုင်းဖြစ်ပေါ်လာမှသာ ဝင်ရောက်မည့် လမ်းကြောင်းကို သိရှိရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ မေ ၁၃ ရက်နှင့် ၁၄ ရက်ခန့်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထားပါကြောင်း။

ထို့ကြောင့် မုန်တိုင်းဝင်ရောက်လာမည်ဆိုပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ယခုကတည်းကပင် စတင်ပြင်ဆင်




**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်စဉ်။**

ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့် ၂၀၂၂ ခုနှစ်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာတွင်လည်း ထုတ်ပြန်ထားသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း ပြုစုပြီး ထုတ်ပြန်ထားခြင်းများရှိပါကြောင်း၊ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် တည်မြဲအမိန့်၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

အကယ်၍ မုန်တိုင်းသည် တခြားနေရာများသို့ လမ်းကြောင်းပြောင်း၍ ဝင်ရောက်သွားပါကလည်း မိမိတို့အတွက် ယခုလို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းသည် လေ့ကျင့်ဆောင်ရွက်ပြီး အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် ယနေ့ အရေးပေါ်အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အပိုင်း နှစ်ပိုင်းရှိပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းဟူ၍ ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းတွင် စီမံချက်များ၊ ညွှန်ကြားချက်များရှိပြီးဖြစ်ပါကြောင်း၊ ယင်းတို့ကို ယခုမှစတင်၍ ပြင်ဆင်သင့်သည့် အချက်များကိုပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအနက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် ထိခိုက်ဆုံးရှုံးမှုများပြားသည့် မုန်တိုင်းကြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အရေးပေါ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် အချက်အလက်များကို ပြုစုထားပြီးလည်း ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရသည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်ပြည့်စုံစုံဖြစ်စေရန် ကြိုတင်စုံစမ်းဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်အခါတွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသာမက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စေတနာ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်သင့်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အလားတူကမ်းရိုးတန်းတစ်လျှောက်တွင်နေထိုင်ကြသည့် ပြည်သူများအတွက်လည်း မြို့နယ်၊ ကျေးရွာများအလိုက် ယခုကတည်းကပင် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အဆိုပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့် ၂၀၂၂ ခုနှစ်ပါအတိုင်း အမျိုးသားအဆင့် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း လေးခန်းပါ လုပ်ငန်းကော်မတီ (၁၂)ရပ်မှ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းစသည့် လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အရေးပေါ်စီမံခန့်ခွဲမှု၊ တုံ့ပြန်မှုအတွက် အခန်း(၅)ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများကပြင်ဆင်ခြင်း၊ အရေးပေါ် တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အလားတူ အခန်း(၆)ပါ တပ်မတော်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကိုလည်း (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများက လုပ်ငန်းတာဝန်အသေးစိတ်အလိုက် လုပ်ဆောင်ကြရန်လိုအပ်ကြောင်း။

မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့် ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို ယခုကတည်းကပင် တည်မြဲအမိန့်ပါအတိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ပေါင်းစပ်ကာ တာဝန်များခွဲဝေ၍ စီမံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ အတွေ့အကြုံအရ ဌာနအလိုက် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒေါက်တာ သက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်လာပါက တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော ဆိုင်ကလုန်းမုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကို အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေများ၊ မုန်တိုင်းနှင့်ပတ်သက်သည့် သတိပေးချက်များကို နိုင်ငံပိုင်မီဒီယာများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ် အရေးပေါ်ကျရောက်ခဲ့ပါက အရေးပေါ်ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားမှု၊ ဘေးကင်းခိုလှုံရာအဆောက်အအုံများ တည်ဆောက်ထားမှု၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ နေရာဒေသမရွေးဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ် အရေးပေါ် ရင်ဆိုင်တုံ့ပြန်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီ၏အတည်ပြုချက်ရယူသည်။

ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee) ကို မေ ၈ ရက်မှစတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ် (၂၃)၌ ဖွင့်လှစ်၍ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို တိုက်ရိုက်ထုတ်လွှင့်မည်**

**နေပြည်တော် မေ ၆**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ အဆိုပါ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စု(က)မှ ယူ-၂၂ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအသင်းတို့သည် မေ ၇ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV-HD၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel၊ MWD Variety HD Channel၊ MWD EDUCATION၊ KNOWLEDGE & SPORTS Channel၊ Channel LIGHT နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမသစ် ဖွင့်လှစ်ခြင်းအခမ်းအနားသို့တက်ရောက်






နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သီရိအဏ္ဏဝါခန်းမသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၆**

နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာသစ်နှင့် သီရိအဏ္ဏဝါခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဌာနမြေတွင် အသစ်ဆောက်လုပ်ပြီးစီးနေသည့် စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာသစ်သို့ရောက်ရှိပြီး အိမ်ရာဖွင့်ပွဲအခမ်းအနား မှခ်ဦးနေရာ၌ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဧည့်သည်တော်များနှင့်အတူ ရှစ်ခန်းတွဲ၊ ခြောက်ထပ်အဆောက်အအုံသစ် နှစ်လုံး၊ အရာထမ်း၊ အမှုထမ်း လူပျိုဆောင် အဆောက်အအုံသစ် နှစ်လုံး၊ ဘက်စုံသုံးခန်းမဆောင်သစ် (Multi-Function Assembly Hall) အဆောက်အအုံ တစ်လုံးနှင့် ဝန်ထမ်းမိသားစုဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သီရိအဏ္ဏဝါခန်းမဆောင်သစ်နှင့် အိမ်ရာသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သီရိအဏ္ဏဝါခန်းမသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့်အတူ ခန်းမသစ်ရှိ ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက စက်ဆန်းမိသားစုဝန်ထမ်းအိမ်ရာ၊ ဘက်စုံသုံး သီရိအဏ္ဏဝါခန်းမတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တည်ဆောက်ရေးမှတ်တမ်းတင် Video Clip ပြသသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စက်ဆန်းမိသားစု ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယနေ့ဖွင့်လှစ်သည့် အဆောက်အအုံများအပါအဝင် လူနေအဆောက်အအုံ ၁၂ လုံး၊ အိမ်ခန်း ၄၅၆ ခန်း၊ ဘက်စုံသုံးခန်းမတစ်ခုနှင့် မိသားစုဆေးခန်း တစ်ခန်းတို့ပါရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘူတာကြီးဝင်းအတွင်းရှိ Rail Bus Engine-RBE စက်ခေါင်းရုံသို့ရောက်ရှိပြီး စက်ခေါင်းရုံအတွင်း၌ West Corporation က ပြုပြင်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်သည့် RBE ရှစ်တွဲကို အသုံးပြုနေမှုနှင့် လွှဲပြောင်းပေးအပ်ရန်ကျန်ရှိနေသည့် RBE ခုနစ်တွဲတို့အား မွမ်းမံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရထားခရီးစဉ်များတွင် အင်အားဖြည့်တင်းသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ကိစ္စများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမဆောင်တွင် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများကို တွေ့ဆုံ၍ ဘင်္ဂလားပင်လယ်အော်၌ မကြာမီဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အခြေအနေသတင်းများကို မျက်ခြည်မပြတ်စောင့်ကြည့်လျက် ဝန်ထမ်းများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိစေရေး၊ မိမိဌာန၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများအပေါ် ထိခိုက်လာနိုင်ခြေများကို ကြိုတင်သုံးသပ်လျက် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာရပါက ဌာနအချင်းချင်း ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၆**

ကျောင်းသား၊ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံ လေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦးနှင့် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။



၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇဗ္ဗာသီရိမြို့နယ် အလယ်တောရစာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဂန္ဓာမာလာဘိဝံသဦးဆောင်သော ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း ၆၅ ပါးတို့က ယနေ့ နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၀/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညိုပြီး ရုပေါင်းဓာတ်ပုံရိုက်စဉ်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း)ရှိ ဘောဇနသမ္ပဒါ ဆွမ်းစားကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက အန္တရာယ်ကင်း ပရိတ်တရားတော်တို့ကို ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် မင်္ဂလာသုတ်နှင့် နာယူကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်





ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅)ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ရပေါင်းသန့်ရှင်းရေးမဆောင်ရွက်မီ (ဝဲပုံ)နှင့် ဆောင်ရွက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

**နေပြည်တော် မေ ၆**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ရှောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် ဆင်ကြိုရွှေကူကပ်ကျော်ဘုရားဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ချမ်းမြရံသီ သီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၄၅ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ရှစ်ပါး၊ သာသနာနွယ်ဝင်သီလရှင် အပါး ၂၉၀ နှင့် ဒေသခံပြည်သူ ၂၃ ဦးတို့ကိုလည်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သာသနာနွယ်ဝင်သီလရှင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပပြုလုပ်

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်အသီးသီးမှ ခရိုင်မှူးများ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လင်းခေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အလိုက် ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ရှမ်းပြည်နယ်(တောင်ပိုင်း) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃) ကျင်းပပြုလုပ်စဉ်။**

# လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးစခန်းသို့ သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း လေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။**

**နေပြည်တော် မေ ၆**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများ ထောက်ပံ့ရေးစခန်းသို့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်တာဝန်ရှိသူများက သွားရောက်၍ ကြည့်ရှုအားပေးပြီး အဆိုပါ ထောက်ပံ့ရေးစခန်းတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများကိုတွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်မြင်ကုန်း ရွာဦးကျောင်းတိုက်၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆောက်လုပ်ပေးနေမှု အခြေအနေများ၊ ကျေးရွာအတွင်း လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၆-၅-၂၀၂၃ (ည ၁၀ နာရီ ၂၁ မိနစ်)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကမ္ဘောဒီးယား | ၁၈ | ၁၁ | ၁၁ | ၄၀ |
| ၂။ | အင်ဒိုနီးရှား | ၈ | ၇ | ၁၁ | ၂၆ |
| ၃။ | ထိုင်း | ၇ | ၁၀ | ၁၅ | ၃၂ |
| ၄။ | ဖိလစ်ပိုင် | ၇ | ၈ | ၁၄ | ၂၉ |
| ၅။ | ဗီယက်နမ် | ၆ | ၁၁ | ၁၆ | ၃၃ |
| ၆။ | စင်ကာပူ | ၅ | ၂ | ၃ | ၁၀ |
| ၇။ | မြန်မာ | ၃ | ၁ | ၁၀ | ၁၄ |
| ၈။ | လာအို | ၂ | ၃ | ၇ | ၁၂ |
| ၉။ | မလေးရှား | ၁ | ၂ | ၈ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၀ | ၀ | ၁ | ၁ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အန္တရာယ်ကင်းအသံမစဲမဟာပဋ္ဌာန်းဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ တတိယအကြိမ် ၃၈ ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲပြုလုပ်



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ၏ တတိယအကြိမ် ၃၈ ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ပြုလုပ်စဉ်။

**နေပြည်တော် မေ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အန္တရာယ်ကင်းအသံမစဲမဟာပဋ္ဌာန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ပဋ္ဌာန်းမဏ္ဍပ်၌ ပြုလုပ်ရာ မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မော်လမြိုင်မြို့ ပိဋကတ်တိုက်ကျောင်းစာသင်တိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တပညာဝံသက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကိုရွတ်ဖတ်ပူဇော်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်ကြီးများထံ ပဋ္ဌာန်းကျမ်းစာအုပ်နှင့်ပဋ္ဌာန်းရေအိုးများဆက်ကပ်လှူဒါန်းသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များနာယူကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ထို့ပြင် မွန်ပြည်နယ်ရှိ ပြည်နယ်ခန်းမ၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏တတိယအကြိမ် ၃၈ ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာသင်တန်း(အငယ်တန်း) ၁၀ မြို့နယ်စုပေါင်းသင်တန်းဖွင့်ပွဲပြုလုပ်ရာ တေးသံရှင်များက ဂုဏ်ပြုတေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယအကြိမ် ၃၈ ဖြာမင်္ဂလာနှင့် ယဉ်ကျေးလိမ္မာစာမေးပွဲ၌ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြကာ အဆိုပါသင်တန်းအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် သိန်း ၁၁၀ ကိုလည်းကောင်း၊ မွန်ပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က သင်တန်းသားကိုင် ပုံနှိပ်စာအုပ်များကိုလည်းကောင်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကျောင်းသား၊ ကျောင်းသူများ၏ ၃၈ ဖြာမင်္ဂလာတေးကဗျာသရုပ်ဖော်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# လားရှိုးမြို့၌ သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် နမ့်ယော်ချောင်းအတွင်းမှ ရေအားဖြင့် အလိုအလျောက်ရေတင်ခြင်း နည်းပညာအားတောင်သူများသို့ ပညာပေးခြင်း၊ မြို့တိုးချဲ့ရေပေးဝေရေးလုပ်ငန်းနှင့် ရေလှောင်တမံများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် နမ့်ယော်ချောင်းအတွင်းမှ ရေအားဖြင့် အလိုအလျောက်ရေတင်ခြင်း နည်းပညာကို တောင်သူများသို့ ပညာပေးခြင်းကို မေ ၅ ရက် မွန်းလွဲပိုင်းတွင်အဆိုပါချောင်း၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် နမ့်ယော်ချောင်းအတွင်းမှ ရေအားကိုအသုံးပြု၍ အလိုအလျောက်ရေတင်ခြင်းနည်းပညာသည် ရာသီသီးနှံပင်များစိုက်ပျိုးသောတောင်သူများအတွက် သီးနှံများအထွက်တိုးစေရန်နှင့် စိုက်ပျိုးရေကုန်ကျစရိတ်များ သက်သာစေရန်အတွက် ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဒေသခံတောင်သူလယ်သမားများ၏ ဆွေးနွေးတင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တောင်သူလယ်သမားများနှင့်အတူ ရေအားဖြင့်အလိုအလျောက်ရေတင်ခြင်း ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှု၍ ရေရှည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက လားရှိုးမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဂျာမိုင်ရေထွက်နှင့် ကောက်ကွေ့ရေလှောင်တမံရှင်းလင်းဆောင်သို့သွားရောက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တောင်သူလယ်သမားများက ရေအားဖြင့် အလိုအလျောက်ရေတင်ခြင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုကြစဉ်။**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ဖြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၁)ရပ်ကွက်နေသူများဖြစ်ကြသည့် အောင်သူ(ခ) တိုက်ဂါး(ခ) စောစိုင်းလေးနှင့် ချယ်ရီအောင်တို့သည် ၎င်းတို့အသုံးပြုသည့် "လွမ်းချစ်သူချစ်သူလွမ်း" Facebook အကောင့်နှင့် "Tiger ရဲ့မားမား" Tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရွှေဘုံသာကျေးရွာနေ လှလှနွယ်သည် ၎င်းအသုံးပြုသည့် "ဒေါင်းနီမလေး" Tiktokအကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဇရပ်ဖြူကျေးရွာနေ သူရိန်ထွန်းသည် ၎င်းအသုံးပြုသည့် "Thu Rein Htun Art" Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ရာဇဖြိုးဝေ(ခ)အာဝါးသည် ၎င်းအသုံးပြုသည့် "Yazar Phyo Wai" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အမှတ်(၁)ရပ်ကွက်နေ သိန်းဇော်သည် ၎င်းအသုံးပြုသည့် "Thein Zaw"Facebookအကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ EV မော်တော်ယာဉ်ပြပွဲကျင်းပပြုလုပ်သွားမည်



ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ မော်တော်ယာဉ်တင်သွင်းသည့် ကုမ္ပဏီခုနစ်ခုက EV မော်တော်ယာဉ်ပြပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ပြောပြ၍ သိရသည်။

အဆိုပါ EV မော်တော်ယာဉ်ပြပွဲကို ပြည်သူ့ရင်ပြင်အတွင်း မေ ၁၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် လျှပ်စစ်သုံး EV မော်တော်ယာဉ်များ တင်သွင်းဖြန့်ဖြူးကာ အမြန်အားသွင်းစနစ် Charging Station များ တည်ဆောက်သည့် Chin Dwin Shan Co. (CDS)၊ Essential Motors Co., Ltd (EM)၊ Myanmar Brillance Auto Co.(MBA)၊ Asia Pacific Automaker Corporation (APAC)၊ NPK Motors Co.,Ltd. နှင့် Super Seven Star (SSS) တို့က လျှပ်စစ်သုံး EV မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်း အမျိုးအစားစုံလင်စွာ ပြသသွားမည်ဖြစ်သည်။

"ပြပွဲမှာ EV မော်တော်ယာဉ်တွေအပြင် Charging Station နဲ့ ဆက်စပ်ပစ္စည်းအမျိုးအစားတွေ စုံစုံလင်လင် ထည့်သွင်းပြသပေးသွားမှာပါ။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ EV ယာဉ်တွေ ရှေ့ပြေးစတင်ဆောင်ရွက်လျက်ရှိတဲ့အတွက် နောက်ပိုင်းမှာ လျှပ်စစ်သုံး EV မော်တော်ယာဉ်တွေ အသုံးပြုမှုတွင်ကျယ်လာစေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။ EV မော်တော်ယာဉ်တင်သွင်းတဲ့ ကုမ္ပဏီတွေအနေနဲ့လဲ လက်ရှိတင်သွင်းထားတဲ့ မော်တော်ယာဉ်အမျိုးအစားတွေနဲ့ အရေအတွက်၊ မှာယူထားတဲ့ ယာဉ်အမျိုးအစား အရေအတွက်နဲ့ ရောက်ရှိမဲ့ရက်တွေကိုလဲ သိရှိနိုင်အောင် ပြသပေးမှာ ဖြစ်ပါတယ်"ဟု ဒေါက်တာတိုးအောင်က ပြောပြသည်။

လက်ရှိတွင် ပြည်သူများအနေဖြင့် EV ယာဉ်များကို စိတ်ဝင်စားမှုများပြားနေပြီး နိုင်ငံတော်ကလည်း EV ယာဉ်များကို ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခ အပါအဝင် အခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်း EV ယာဉ်များအတွက် Charging Station များကို အဝေးပြေးလမ်းမကြီးများပေါ်တွင် လည်းကောင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းများတွင်လည်းကောင်း တပ်ဆင်ထားပြီးဖြစ်ကာ ရန်ကုန်နှင့် မန္တလေးမြို့တို့၏ အများပြည်သူသွားလာရာ နေရာများတွင် တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ASH

# ဥတ္တရသီရိမြို့နယ် ကြီးပွားကျေးရွာ၌ အခြေခံဂဟေဆက်သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၆

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကြီးပွားကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက်သင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇကြည်မွန်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရှာဖွေပေးနိုင်သည်ထိ ကြိုးစားသင်ယူကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းသူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး ဥတ္တရသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဂဟေဆက်သင်တန်းသို့ ဥတ္တရသီရိမြို့နယ် အတွင်းရှိ ဒေသအသီးသီးမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက စားပွဲပြုလုပ်နည်း၊ ကုလားထိုင်ပြုလုပ်နည်း၊ ရေအိုးစင်ပြုလုပ်နည်း၊ ဖိုင်စင်ပြုလုပ်နည်းနှင့် လက်တင်တန်းလျားပြုလုပ်နည်းများကို မေ ၅ ရက်မှ ၂၄ ရက်ထိ စာတွေ့ လက်တွေ့ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇကြည်မွန်က ပြောပြ၍ သိရသည်။

ကိုညီ

# လပွတ္တာမြို့နယ်တွင် နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိ

လပွတ္တာ မေ ၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆား ပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှနေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ခင်ထွေးရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် မတ်လက နေလှန်းဆား ပိဿာ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဧပြီ ၁ ရက်မှ မေ ၅ ရက်ထိ နေလှန်းဆား ပိဿာ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိကြောင်း၊ ချိန်ခါမဟုတ် မိုးရွာသွန်းမှုကြောင့် အဆိုပါဒေသထွက် နေလှန်းဆားလုပ်ကွက်များ အတွင်း ရေများဝင်ရောက်ပြီး ထိခိုက်ပျက်စီးမှုရှိခဲ့သည့်အတွက် ဆားအထွက်နည်းပြီး ဈေးကောင်း ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"အခု အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဒီနှစ် ဆားတွေ အထွက်နှုန်း လျော့ကျနေပါတယ်။ ဒါကြောင့် အခုလို ဈေးကောင်းရနေတာပါ။ ဆားဈေးမြင့်တက်လာတော့ ဆားထုတ်လုပ်သူတွေလဲ အဆင်ပြေတာ တွေ့ရတယ်။ ဒေသထွက်ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးထဲက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဘက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ ဆားဈေးကောင်းလာတော့ ဆားလုပ်ငန်းက လုပ်သားတွေကိုလဲ လုပ်အားခတွေ တိုးပေးထားပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ခင်ထွေးရီက ပြောပြသည်။



လပွတ္တာမြို့နယ်တွင် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချကြောင်း၊ ထို့မှတစ်ဆင့် တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ ပြန်လည်တင်ပို့ ရောင်းချပေးနေကြောင်း၊ နေလှန်းဆားထုတ်လုပ်ရာတွင် ဆားလုပ်သားတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၈၀၀၀ ထိ ငှားရမ်းလုပ်ကိုင်ရကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းလှမြို့နယ် ကိုင်းငယ်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ မေ ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကိုင်းငယ်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက ကိုင်းငယ်လေးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်သူဇာအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ခိုင်

# ဟိုပုံးမြို့နယ် ဟိုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဟိုပုံး မေ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် ဟိုတိကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်နှင့် တာဝန်ရှိသူများက ဟိုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟိုတိကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၈၈ ဦးကို သတ္တမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးလွင်မြင့်က ပြောပြ၍ သိရသည်။

မောင်ခိုင်

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# အိန္ဒိယနိုင်ငံ၏ လူမှုဘဝတိုးတက်မှုကိုခြိမ်းခြောက်လာသော အပူလှိုင်းများ



၂၀၂၂ ခုနှစ် ဧပြီလအတွင်း စံချိန်တင်မြင့်တက်ခဲ့သော အပူလှိုင်းများကြောင့် အိန္ဒိယပြည်သူ ၉၀ ရာခိုင်နှုန်းခန့်သည် ဆာလောင်မွတ်သိပ်ခြင်း၊ ဝင်ငွေဆုံးရှုံးခြင်း၊ အရွယ်မတိုင်မီသေဆုံးခြင်းစသည့် နောက်ဆက်တွဲပြဿနာများနှင့် ရင်ဆိုင်ခဲ့ရကြောင်း လေ့လာမှုစစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

လွန်ခဲ့သော ၁၂၂ နှစ်အတွင်း ၂၀၂၂ ခုနှစ်ကို အပူပြင်းဆုံးနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ်တွင်လည်း အလွန်အမင်းပူပြင်းလျက်ရှိသဖြင့် အိန္ဒိယ၏ နေရာ ၉၀ ရာခိုင်နှုန်းကျော်သည် ဧပြီလ၏ အမြင့်ဆုံးအပူချိန်ထက် ကျော်လွန်လျက်ရှိကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားရှိသည်။ ထို့ပြင် ယခုနှစ်တွင် အယ်လ်နီညိုထပ်မံဖြစ်ပွားနိုင်သဖြင့် ကမ္ဘာ့အပူချိန်သည် ပိုမိုမြင့်တက်လာဖွယ်ရာရှိနေသည်။

ပြင်းထန်သောအပူလှိုင်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခြင်းသည် ဆင်းရဲမှုလျှော့ချရေး၊ စားနပ်ရိက္ခာနှင့် ဝင်ငွေဖူလုံရေး၊ ကျား၊ မ သာတူညီမျှရှိရေးစသည့် အိန္ဒိယ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပေါ် အတားအဆီးဖြစ်စေနိုင်သည့်အပြင် အိန္ဒိယပြည်သူ ၁ ဒသမ ၄ ဘီလီယံကျော်၏ လူမှုဘဝများကိုလည်း ဒုက္ခပေးနိုင်ပေသည်။

သဘာဝဖြစ်စဉ်များအရ အလွန်အမင်းပူပြင်းခြင်းသည် တောင်အာရှတိုက်ငယ်လေးတွင် နှစ် ၃၀ လျှင် တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိသည်။ သို့သော် လူတို့၏ ပယောဂကြောင့် အပူလှိုင်းများပိုမိုဖြစ်ပေါ်လာလျက်ရှိသည်။ အိန္ဒိယသည် ၁၉၉၂ ခုနှစ်ကတည်းက အပူလှိုင်းနှင့်ဆက်စပ်သော သေဆုံးသူဦးရေ ၂၄၀၀၀ ကျော်ရှိခဲ့ပြီး ၁၉၉၈ ခုနှစ်အတွင်း အပူလှိုင်းဖြတ်စဉ်က လူ ၃၀၅၈ ဦးကျော် သေဆုံးခဲ့သည်။

၂၀၁၀ ပြည့်နှစ် မေလအတွင်း အပူလှိုင်းများဖြတ်သန်းစဉ်က အိန္ဒိယ၏ အနောက်ပိုင်းမြို့တော် Ahmedabad သည် အပူချိန် ၄၇ ဒသမ ၈ ဒီဂရီဆဲစီယပ်ထိရှိခဲ့ပြီး အပူချိန်ပြင်းထန်သောကြောင့် မွေးကင်းစကလေးငယ် ၄၃ ရာခိုင်နှုန်းခန့်ကို ဆေးရုံတင်ခဲ့ရသည်။ ထိုစဉ်က အပူလှိုင်းဖြတ်သန်းမှုကို အရေးပေါ်တုံ့ပြန်သည့်အစီအမံများ ချက်ချင်းဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူသန်းပေါင်းများစွာသော အသက်ကို ကယ်တင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အပူလှိုင်းဖြတ်သန်းစဉ်ကလည်း လူဦးရေ ၂၃၃၀ ကျော် သေဆုံးခဲ့ပြီး အစိုးရအေဂျင်စီများအနေဖြင့် အပူလှိုင်းကာလအတွင်း သေဆုံးမှုလျော့နည်းစေရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာညွှန်ကြားချက်များထုတ်ပြန်ကာ စီမံဆောင်ရွက်ခဲ့ရသည်။ အဆိုပါမဟာဗျူဟာများ အကောင်အထည်ဖော်ရန် ပျက်ကွက်သွားမည်ဆိုလျှင် အိန္ဒိယ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။ အပူချိန်မြင့်တက်လာမှုအပေါ် ကျိုးကြောင်းဆီလျော်စွာကိုင်တွယ်ဖြေရှင်းသွားခြင်းမရှိလျှင် အပူရှိန်ကြောင့် ကုန်ကျမှုသည် ၂၀၅၀ ပြည့်နှစ်တွင် GDP ၏ ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၁၀၀ ပြည့်နှစ်တွင် ၈ ဒသမ ၇ ရာခိုင်နှုန်းထိရှိလာမည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် အိန္ဒိယ၏စီးပွားရေးတန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၀ ထရီလီယံထိရှိရန် ခန့်မှန်းထားသောကြောင့် အပူချိန်မြင့်တက်လာမှုသည် စိုးရိမ်ပူပန်စရာပင်ဖြစ်သည်။

အပူချိန်ပြင်းထန်မှုအပေါ် တုံ့ပြန်သည့် အစီအမံများသည် ပြည်သူအားလုံးကို ကိုယ်စားပြုမှသာလျှင် အသုံးတည့်ခြင်းပင်ဖြစ်သည်။ အိန္ဒိယအာဏာပိုင်များသည် ပြင်းထန်သောအပူချိန်မြင့်တက်လာမှသာလျှင် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်လိုအပ်သည်ဟု ယူဆလေ့ရှိကြသည်။ စင်စစ်အားဖြင့် အစိုးရသည် ပြည်သူများ ခံစားနေရသည့်အခြေအနေများကို သိရှိထားရန် လိုအပ်သည်။

လူသား၏ခန္ဓာကိုယ်သည် လေထုအပူချိန်၊ စိုထိုင်းဆတို့နှင့်ဆက်နွယ်ခံစားမှုအပေါ် မူတည်၍ အပူချိန်အညွှန်းကိန်းကိုသတ်မှတ်လေ့ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပြည်သူများအပူချိန်ခံစားနေရမှုကိုတိုင်းတာနိုင်ပြီး တိုင်းပြည်၏ ၉၀ ရာခိုင်နှုန်းခန့်သည် လွန်ခဲ့သောနှစ်၏ အပူလှိုင်းတွင်ပြင်းထန်စွာခံစားခဲ့ရသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံအတွင်း သေဆုံးနိုင်သည်ထိ အပူချိန်မြင့်တက်လာမှုကို တိကျစွာတိုင်းတာနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

အိန္ဒိယအစိုးရက အသုံးပြုလျက်ရှိသော ကိန်းဂဏန်းကို ရာသီဥတုဆိုင်ရာထိခိုက်နိုင်ခြေ အညွှန်းကိန်းအဖြစ် လူသိများပြီး လူသားတို့၏ကျန်းမာရေးအပေါ် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ကျရောက်မှုအဖြစ် ထည့်သွင်းတွက်ချက်ထားခြင်းမရှိပေ။ လေထုအပူချိန်နှင့် စိုထိုင်းဆတို့သည် လူသားတို့၏ကျန်းမာရေးအပေါ် အလွန်အမင်းပူပြင်းမှုခံစားရခြင်းကို တိုင်းတာနိုင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အလွန်အမင်းပူပြင်းမှုသည် လူသားတို့ကို ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာကို ဖြစ်ပေါ်စေသည်။

**အပူလှိုင်းဖြတ်သန်းမှုအပေါ် တိကျစွာခန့်မှန်းခြင်း**

အိန္ဒိယတွင် အပူလှိုင်းအလွန်အမင်းဖြတ်သန်းမှုအပေါ် လျှော့၍တွက်ချက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အိန္ဒိယ၏ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအပေါ် ဆိုးကျိုးသက်ရောက်မှုများစွာဖြစ်စေနိုင်သည်။ အဆိုပါရည်မှန်းချက်ပန်းတိုင်များသည် ဆင်းရဲမှု၊ ဆာလောင်မွတ်သိပ်မှု၊ ကျန်းမာချမ်းသာခြင်း၊ သာတူညီမျှရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုတို့ပါဝင်သည်။

အဆိုပါရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် အိန္ဒိယ၏တိုးတက်မှုသည် လွန်ခဲ့သောနှစ် ၂၀ ကျော်ကာလအတွင်း တဖြည်းဖြည်းနှေးကွေးလာခဲ့ပြီး အလွန်အမင်းပူပြင်းသည့် ရာသီဥတုဖြစ်စဉ်များသည် ပိုမိုဖြစ်ပေါ်လာခဲ့သည်။ သာဓကအနေဖြင့် အလွန်အမင်းပူပြင်းခြင်းသည် ခြောက်သွေ့ခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်းတို့ ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် ကောက်ပဲသီးနှံထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာလုံခြုံမှုတို့ကိုကျဆင်းစေသည်။ ထိုသို့ဖြစ်ပေါ်ခြင်းသည် အိန္ဒိယလူမှုအဖွဲ့အစည်း၏ ကျန်းမာ၊ ချမ်းသာရေးကို များစွာထိခိုက်နစ်နာစေလျက်ရှိသည်။

အိန္ဒိယတွင် စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးသည် အဓိကဖြစ်သောကြောင့် အဆိုပါကဏ္ဍတွင် ကုန်ထုတ်လုပ်မှုလျော့နည်းဆုံးရှုံးခြင်းသည် ပြည်သူသန်းပေါင်းများစွာ၏ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် လယ်သမားများစွာကို ထိခိုက်စေလျက်ရှိသည့်အပြင် ၎င်းတို့၏ လူမှုဘဝများအပေါ်တွင်လည်း သက်ရောက်မှုဖြစ်ပေါ်လာစေနိုင်သည်။ အပူချိန်ကြောင့် အခြားစိုးရိမ်ဖွယ်ရာကောင်းသည့်အချက်မှာ ရေနှင့်ဆက်စပ်သော ကူးစက်ရောဂါများဖြစ်ပြီး မူလကတည်းကဆိုးရွားလျက်ရှိသော အိန္ဒိယ၏ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဆိုးကျိုးပိုမိုသက်ရောက်စေနိုင်ပေသည်။

နှစ်စဉ် ပြည်သူသန်းပေါင်းများစွာသည် ပိုမိုကောင်းမွန်သော လူနေမှုဘဝရှာဖွေနိုင်ရေးအတွက် ကျေးလက်ဒေသမှ အိန္ဒိယ၏မြို့ကြီးများသို့ပြောင်းရွှေ့လျက်ရှိကြသည်။ သို့သော် အပူလှိုင်းများသည် မြို့ပြနေပြည်သူများ၏ဘဝအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ အထူးသဖြင့် နယူးဒေလီရှိ ပြည်သူ ၃၂ သန်းခန့်သည် ၂၀၂၂ ခုနှစ်တွင် အပူလှိုင်းခြိမ်းခြောက်မှုခံခဲ့ရသည်။ ရွှေ့ပြောင်းလုပ်သားအများစုသည် နယူးဒေလီမြို့၏ အဆင်းရဲဆုံးရပ်ကွက်များတွင် နေထိုင်ရလျက်ရှိသည်။ ၎င်းရပ်ကွက်များတွင် အပူလှိုင်းသက်ရောက်မှုသည် လွန်စွာပြင်းထန်လျက်ရှိသည်။ အဆိုပါရပ်ကွက်များရှိ လူမှုအသိုက်အဝန်းများသည် အပူဒဏ်လျော့ပါးသက်သာရေးအတွက် လေအေးပေးစက်ဝယ်ယူနိုင်လောက်အောင်လည်း ဝင်ငွေမရရှိကြပေ။

အိန္ဒိယတွင် မကြာသေးခင်က ပိုမိုမြင့်တက်လာခဲ့သော အပူဒဏ်လျော့ပါးသက်သာရေးအတွက် ဆောင်ရွက်ရာ၌ ရာသီဥတုပြောင်းလဲမှုအပေါ် လက်ရှိဆောင်ရွက်နေသော အစီအမံများသည် ပြည်သူများကို အထောက်အကူမဖြစ်သည့်အတွက် ချက်ချင်းအဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နေသောအဖွဲ့က တောင်အာရှဒေသရှိ အပူလှိုင်းကျရောက်မှုသည် ယခုရာစုနှစ်အတွင်း ပိုမိုပြင်းထန်လာပြီး မကြာခဏဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားရှိသည်။ အပူချိန်မြင့်တက်လာမှုအပေါ် အရေးယူဆောင်ရွက်သည့် အစီအမံများသည် အပူချိန်လျှော့ချရေးကြိုးပမ်းမှုများ အရှိန်မြှင့်တင်ရန်နှင့် သက်ရောက်မှုများနှင့် အသားကျအောင်ဆောင်ရွက်ရာတွင် များစွာအရေးပါလျက်ရှိသည်။ ထိုသို့အရေးယူဆောင်ရွက်ရာတွင် ရာသီဥတုကြောင့် သက်ရောက်မှုခံစားရနိုင်သည့် အိန္ဒိယပြည်သူအားလုံးကို ကိုယ်စားပြုသင့်ပေသည်။

အိန္ဒိယ၏မြို့ကြီးများတွင် အပူဒဏ်ကြံ့ကြံ့ခံနိုင်ရေးအတွက် အလေးထားဆောင်ရွက်ခြင်းသည် လွန်စွာအရေးပါလျက်ရှိသည်။ အကြောင်းမှုကား အိန္ဒိယမြို့ကြီးများသည် လာမည့် ၁၀ နှစ်အတွင်း လူဦးရေပေါက်ကွဲလာနိုင်သဖြင့် လက်ရှိအချိန်ထိ အိန္ဒိယ၌ အဆောက်အအုံ ၇၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ရန်လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် အအေးဓာတ်လွယ်ကူစွာရရှိစေနိုင်သော နေအိမ်သစ်ဒီဇိုင်းများ ရေးဆွဲခြင်းအားဖြင့် အလွန်အမင်းပူပြင်းမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်သည့် နည်းလမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားနိုင်သည့် အခွင့်အလမ်းတစ်ရပ် ရှိနေဆဲပင်ဖြစ်သည်။

ဆိုရလျှင် အိန္ဒိယပြည်သူအများစုသည် အနာဂတ်တွင် ကြီးမားသောအပူလှိုင်းများ ရိုက်ခတ်လာနိုင်မှုကို မျှော်မှန်းထားသောကြောင့် ပြည်သူများကို ပြင်းထန်သောအပူချိန်အောက်တွင် လိုက်လျောညီထွေနေထိုင်နိုင်စေရန်အတွက် ဘဏ္ဍာငွေ၊ မြို့ပြဒီဇိုင်းနှင့်ပညာပေးလုပ်ငန်းများလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏နယ်မြေ ၉၀ ရာခိုင်နှုန်းခန့်တွင် အပူလှိုင်းဖြတ်သန်းလျက်ရှိပြီး နယူးဒေလီမြို့သည် အပူလှိုင်းဖြတ်သန်းမှု၏ အန္တရာယ်ရှိသောဇုန်အတွင်း ကျရောက်လျက်ရှိသည်။ လွန်ခဲ့သော ဆယ်စုနှစ် သုံးခုကျော်ကာလအတွင်း အိန္ဒိယတစ်ဝန်း၌ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ရသော အပူလှိုင်းဖြတ်သန်းမှုများသည် ရာသီဥတုပြောင်းလဲမှုကြောင့် မကြာခဏဖြစ်ပေါ်လာလျက်ရှိသည်။ စင်စစ်အားဖြင့် စက်မှုပြုပြင်ပြောင်းလဲမှုစကတည်းက ကမ္ဘာကြီးသည် ၁ ဒီဂရီဆဲစီယပ် ပိုမိုပူနွေးလာခဲ့ပြီး လက်ရှိအခြေအနေအတိုင်း ဆက်သွားမည်ဆိုလျှင် ၂၀၄၀ ပြည့်နှစ်ခန့်တွင် ၁ ဒသမ ၅ ဒီဂရီဆဲစီယပ်ထိ မြင့်တက်လာမည်ဖြစ်သည်။

အပူလှိုင်းများသည် လူမှုဘဝ၊ ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာလုံခြုံမှုတို့အပေါ် သက်ရောက်စေလျက်ရှိသည်။ မည်သို့ပင်ဆိုစေ အပူလှိုင်းကျရောက်မှုများသည် အိန္ဒိယ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအပေါ် သက်ရောက်လျက်ရှိသဖြင့် ဆင်းရဲမှုလျှော့ချရေး၊ ကျား၊ မ သာတူညီမျှရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးတက်ရေး စသည့်လူမှုဘဝတိုးတက်ရေးလုပ်ငန်းများအပေါ် သက်ရောက်စေလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Heatwaves threaten to reverse India's social progress by Asia Times.**

ဝင်းဇင်(သုတေသန)

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်

သားသားမီးမီးတို့ရေ. . . ဦးဦးဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးကတော့ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန် လို့ အမည်ရတယ်ကွဲ့။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဒယ်အိုးအဟောင်းတွေကိုဝယ်ပြီး ပြန်ရောင်းတဲ့မိသားစုတစ်စု ရှိသတဲ့။ အဲဒီမိသားစုမှာ အဖေလုပ်သူက ဒယ်အိုးအဟောင်းတွေပြုပြင်ကာ ပြန်ရောင်းတဲ့အလုပ်ကို လုပ်ကိုင်ရင်း ဇနီးနဲ့ သမီးနှစ်ယောက်ကို လုပ်ကိုင်ရှာဖွေကျွေးမွေးသတဲ့ကွယ်။

ဇနီးနဲ့ သမီးနှစ်ယောက်ကလဲ ဘာအလုပ်မှမလုပ်ဘဲ ကုန်သည်ဖခင်ကြီး ရှာဖွေကျွေးမွေးတာကိုပဲ အဆင်သင့်စားပြီးနေတာပေါ့။ ဘာအလုပ်မှ မလုပ်ဘဲ အိပ်လိုက်စားလိုက်နေသတဲ့။ တစ်နေ့မှာတော့ ကုန်သည်ဖခင်ကြီး ရုတ်တရက်သေသွားတာပေါ့။ အဲဒီအချိန်မှာ သားအမိသုံးယောက် ဘာအလုပ်ကိုလုပ်ပြီး လုပ်ကိုင်စားသောက်ရမယ်ဆိုတာကို မသိဘူးတဲ့။ ဒါကြောင့် ကုန်သည်ဖခင်ကြီး ရက်လည်ပြီးတဲ့အခါမှာ သမီးနှစ်ယောက်က သူများအိမ်မှာ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးအလုပ်ကိုလုပ်သတဲ့။ မိခင်ကြီးကတော့ တောထဲကိုသွားပြီးထင်းခွေ၊ ရလာတဲ့ထင်းတွေကို ပြန်ရောင်းစားသတဲ့။ ထင်းခွေသွားတဲ့လမ်းမှာ ရေကန်ကြီးရှိနေတာပေါ့။ မိခင်ကြီးက ထင်းခွေပြီးပြန်လာတိုင်း ကန်ကြီးထဲက ကြာရိုးကြာစွယ်တွေကို ခူးပြီးချက်စားတာပေါ့။

အဲဒီလို သားအမိသုံးယောက် ပင်ပင်ပန်းပန်းနဲ့ လုပ်ကိုင်ရှာဖွေစားသောက်ရတာကို တမလွန်က ကုန်သည်ဖခင်ကြီးသိပြီး စိတ်မကောင်းဖြစ်ရတာပေါ့။ သူတို့ရဲ့ဖခင်ကြီးက ထင်းခွေသွားတဲ့လမ်းရဲ့အနီးက ရေကန်ကြီးထဲမှာ လိပ်ကြီးဖြစ်နေသတဲ့။ အဲဒီလိပ်ကြီးက သားအမိသုံးယောက်ရဲ့ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်နေရတာကို မကြည့်ရက်ဘူးပေါ့ကွယ်။ ဒါကြောင့် တစ်ညမှာတော့ လိပ်ကြီးက သူ့ရဲ့ဇနီးကို အိပ်မက်ပေးသတဲ့။

"မိန်းမရေ. . . မင်းတို့သားအမိသုံးယောက် ပင်ပင်ပန်းပန်းရှာဖွေစားသောက်နေရတာ ငါမကြည့်ရက်ဘူး။ ဒါကြောင့် နောက်တစ်ခါ ထင်းခွေလာရင် ပိုက်ကွန်တစ်ခုကိုယူခဲ့။ အဲဒီပိုက်ကွန်ကို ကန်ကြီးရဲ့ဘေးရေစပ်မှာချထားခဲ့။ မင်း ပြန်လာရင်ဝင်ယူနော် မိန်းမ"လို့ပြောသတဲ့။

မနက်လင်းတော့ မိခင်ကြီးက ညကမက်တဲ့ အိပ်မက်အကြောင်း သမီးနှစ်ယောက်ကို ပြန်ပြောသတဲ့။ မိခင်ကြီးလဲ အိပ်မက်ထဲက လိပ်ကြီးပြောတဲ့စကားကို ယုံရနိုးနိုးနဲ့ နောက်နေ့မနက် ထင်းခွေသွားတဲ့အခါ ပိုက်ကွန်ကိုယူပြီး ရေကန်ကြီးရဲ့အစပ်မှာ ချထားခဲ့ကာ ထင်းခွေသွားသတဲ့ကွယ်။ လိပ်ကြီးဟာ ပိုက်ကွန်ကို




မြင်တဲ့အခါ ရေထဲက ငါးအုပ်တွေကို လိုက်ခြောက်ထုတ်ပြီးမောင်းနေသတဲ့ကွယ်။ ငါးတွေဟာ လိပ်ကြီးရန်မှုတာကိုကြောက်ပြီး ရေကန်ရဲ့အစပ်ကိုအုပ်စုလိုက်ပြေးတာပေါ့ကွယ်။ ဒါကြောင့် ရေကန်အစပ်မှာချထားတဲ့ပိုက်ကွန်ဆီမှာ ငါးတွေအားလုံး မိကုန်တာပေါ့။ ထင်းခွေပြီးပြန်လာတဲ့ လိပ်ကြီးရဲ့ဇနီးဟာ ပိုက်ကွန်မှာ ငါးတွေမိနေတာကိုမြင်တဲ့အခါ အလွန်ဝမ်းသာသွားပြီး ပိုက်ကွန်ကိုသယ်ကာ အိမ်ကိုပြန်လာခဲ့တယ်။ ငါးတွေကိုလဲ ကြိုက်တဲ့ဈေးနဲ့ရောင်းရသတဲ့။ ဒါကြောင့် သားအမိသုံးယောက်စလုံး အရင်ကလို ပင်ပင်ပန်းပန်းအလုပ်မလုပ်ရဘဲ လိပ်ကြီးရဲ့အကူအညီနဲ့ ငါးတွေကိုနေ့တိုင်းဖမ်းပြီး ရောင်းစားသတဲ့။ သားအမိသုံးယောက်စလုံး ငါးတွေရောင်းရငွေနဲ့ တစ်နေ့တခြားချမ်းသာလာသတဲ့ကွယ်။ ဒါပေမဲ့ ငါးတွေကို နေ့တိုင်းဖမ်းယူနေတာဖြစ်တော့ ကန်ထဲမှာငါးတွေဟာ တစ်နေ့တခြား နည်းနည်းလာပြီး နောက်ဆုံးပိုက်ကွန်သာချတယ်။ ငါးတစ်ကောင်မှမရတော့ဘူးပေါ့ကွယ်။ တစ်ညမှာ လိပ်ကြီးက သူ့ဇနီးကို အိပ်မက်လာပေးပြန်သတဲ့။

"မိန်းမရေ. . . မင်း ငါးတွေကိုနေ့တိုင်းဖမ်းတော့ ငါးတွေ ကန်ထဲမှာမရှိတော့ဘူးကွာ။ ကန်ထဲမှာ ငါတစ်ကောင်တည်းရှိတော့တယ်။ ဒါကြောင့် နောက်တစ်ခါလာပြီး ပိုက်ကွန်မချပါနဲ့တော့။ ပိုက်ဆံကိုလဲ သားအမိသုံးယောက်ချွေချွေတာတာနဲ့သုံး"လို့ပြောပြီး အိပ်မက်ထဲက ပျောက်ကွယ်သွားသတဲ့။

အချိန်တွေကြာလာတဲ့အခါ အလုပ်ကို လက်ကြောတင်းတင်းမလုပ်တဲ့ သားအမိသုံးယောက် ဆင်းရဲလာတာပေါ့။ သားအမိသုံးယောက် အရင်အလုပ်ကိုပြန်လုပ်ရမလားတိုင်ပင်ချိန်မှာပဲ လူတစ်ယောက်ရဲ့အသံကို ကြားသတဲ့ကွယ်။

"ဤရွာထဲမှာရှိတဲ့ ရွာသားအပေါင်းတို့ ကျွန်ုပ်ရဲ့သူဌေးမှာ ကုလို့မရတဲ့ ရောဂါဖြစ်နေတယ်။ ဒါပေမဲ့ အသက်ကြီးကြီး လိပ်အိုတစ်ကောင်ရဲ့အသားကို စားရရင် သူဌေးကြီးရဲ့ရောဂါပျောက်ကင်းမယ်ဆိုတဲ့အကြောင်း သမားတော်က ပြောတယ်။ ဒါကြောင့် အသက်ကြီးကြီး လိပ်အိုတစ်ကောင်ကို အသပြာတစ်ထောင်ပေးမယ်"လို့ ကြေညာနေတာကို သားအမိသုံးယောက်ကြားသွားတာပေါ့။ အဲဒီချိန်မှာ မိခင်ကြီးက အကြံရသွားပြီး ရေကန်ထဲမှာရှိတဲ့ သူ့ယောကျ်ားလိပ်အိုကြီးကိုသတိရသွားတာပေါ့။ ဒါကြောင့်ချက်ချင်းပဲ ရေကန်ရှိရာကိုသွားကာ သူ့ယောကျ်ားလိပ်အိုကြီးကို ရှာနေသတဲ့။ မတွေ့တဲ့အဆုံး ကန်ဘေးနားမှာငိုချင်ယောင်ဆောင်နေသတဲ့။

သူ့ဇနီးရဲ့ငိုသံကိုကြားတဲ့အခါ လိပ်အိုကြီးဟာ ကမ်းစပ်ကိုတက်လာတာပေါ့။ ကမ်းစပ်ရောက်ရင်ပဲ ပိုက်ကွန်ထဲကို ကျဆင်းသွားပါလေရော။ လိပ်အိုကြီးကို ကမ်းစပ်က ပိုက်ကွန်ထဲမှာတွေ့တဲ့အခါ လိပ်ကြီးရဲ့ဇနီးဟာ ပိုက်ကွန်ကို အလျင်အမြန်ဆွဲလိုက်တာပေါ့။ လိပ်အိုကြီးလဲ ပိုက်ကွန်ထဲမှာ ခြေကားယား လက်ကားယားနဲ့ သူ့ဇနီးခေါ်ဆောင်ရာကို ပါသွားသတဲ့ကွယ်။ နောက်ပြီးတော့ လိပ်ကြီးကို ဇနီးက သူဌေးထံရောင်းလိုက်ပြီး အသပြာတစ်ထောင်ထုပ်ကိုယူကာ အိမ်ကိုပျော်ရွှင်စွာပြန်လာသတဲ့။ လိပ်အိုကြီးကတော့ သူဌေးကြီးရဲ့ သတ်ပြီးစားသောက်ခြင်းကိုခံရသတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ. . .။ ပုံပြင်ထဲကလို လိပ်အိုကြီးဟာ သူ့ရဲ့အမျိုးအဆွေဖြစ်တဲ့ငါးတွေကို ပိုက်ကွန်ထဲဝင်ရောက်စေပြီး သတ်ခဲ့သလို လိပ်အိုကြီးကိုလဲ သူ့ဇနီးက ပိုက်ကွန်ထဲရောက်အောင်လုပ်ပြီး အသက်ကိုသေစေခဲ့တယ်နော်။ ဒါကြောင့် ကိုယ်ပြုလုပ်တဲ့ ကောင်းကံ၊ မကောင်းကံက ကိုယ်ဆီပဲ ပြန်ရောက်တတ်တယ်နော်။ ဒါကြောင့် ကောင်းကံတွေရဖို့ ကံအကောင်းတွေပြုလုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ကောက်ရိုးအိမ်

♦ ငယ်စဉ်ဘဝ တို့များမယ်
လာသာသောညဝယ်၊
ပေါင်းစုကာရယ် သူငယ်ချင်း
ကောက်ရိုးပုံအတွင်း။

♦ ပျော်ရွှင်ခြင်းဖြင့် ပုံပြောရာ
စကားနိုင်ထိုးကာ၊
မမောနိုင်ရှာ တို့အများ
တီတီတာတာ ဆိုစကား
အောက်မေ့ဖွယ်တအား။ ။

**ရာနံလေး(ပညာရေး)**




## မြန်မာ့ကွမ်းအစ်လေး

♦ မြန်မာမှုမို့ ချစ်စရာ
ကွမ်းအစ်ကလေးပါ၊
ညှော်သည်လာရင် ဓလေ့နွေး
တည်ခင်းညှော်ခံကျွေး။

♦ ကွမ်းထုံးဆေးများ စုံလို့ညီ
ကွမ်းသီးစိတ်ပါသည်၊
ရင်းနှီးချစ်ကြည် ညှော်ဝတ်ပြု
မြန်မာ့ယဉ်ကျေးမှု။ ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**



# အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့် ဥပဒေများ(၂)

ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)

ရှေးမြန်မာမင်းများလက်ထက်ကတည်းက အမျိုးသမီးများ၏ ရပိုင်ခွင့် အခွင့်အရေးများနှင့်ဂုဏ်သိက္ခာတို့ကို ဥပဒေဖြင့်အကာအကွယ်ပေးခဲ့သည်။ မြန်မာအမျိုးသမီးများ၏ အရည်အချင်းအပေါ် မူတည်ပြီး သူကောင်းပြုခဲ့သည်။ အမျိုးသမီးများကို သူကြီးခန့်အပ်သည့် မိန်းမသူကြီးခန့်မြန်တမ်းများက သက်သေခံလျက်ရှိသည်။ ထို့အတူ ရေစကြိုဖြတ်ထုံး၊ ခုံတော်မောင်ကျဘမ်း ဖြတ်ထုံးများအရ အမျိုးသမီးများအပေါ် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့ဖြင့် မောက်မာစော်ကားသူတို့ကို အပြစ်ဒဏ်များပေးခဲ့ကြောင်း လေ့လာသိရှိရသည်။ ရှေးမြန်မာမင်းများသည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့် ဥပဒေများ ပြဋ္ဌာန်းပေးခဲ့သည်။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးဖြင့်ပြည့်စုံသူများ၊ ကုသလကမ္မပထတရားဆယ်ပါးစောင့်ထိန်းသူများကို ဥပဒေအရဖြစ်စေ၊ မင်းအာဏာဖြင့်ဖြစ်စေ အရေးယူအပြစ်ပေးခြင်းမရှိခဲ့ပေ။ သို့သော် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့ဖြင့် အမျိုးသမီးများကို ထိပါးစော်ကားသူများကို ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူခဲ့သည်။

လောကီလူသားတို့သည် လောဘ၊ ဒေါသ မကင်းနိုင်ကြပေ။ လောဘ၊ ဒေါသတို့ကြောင့် ရာဇဝတ်မှုခင်းများ ကျူးလွန်တတ်ပေသည်။ လောဘနှင့် ဒေါသလွှမ်းမိုးကာ ကိလေသာကာမရာဂနှင့်စပ်လျဉ်းသည့် ကိစ္စများတွင် အမှား၊ အမှန်ဝေဖန်ပိုင်ခြားနိုင်ခြင်းမရှိသည့်အတွက် ရာဇဝတ်မှုများဖြစ်ကြရသည်။ ဖြစ်ပွားတတ်သည့် ရာဇဝတ်မှုများသည် နည်းလမ်းမျိုးစုံဖြင့် ဖြစ်ပွားတတ်သည်။ ယောကျ်ားများသည် ရလိုသော အလိုရမ္မက်ကို ဦးနှောက်ဖြင့် ဝေဖန်ဆုံးဖြတ်နိုင်ခြင်းမရှိဘဲ နှလုံးသားခံစားချက်ဖြင့် ဆုံးဖြတ်သောကြောင့် အမျိုးသမီးများကို အနိုင်အထက်ပြုမှုခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်သည့် လက်ရောက်မှု၊ မတရားပြုကျင့်မှုများ ကျူးလွန်တတ်သည်။ ထိုသို့ အလိုရမ္မက်စိတ်အလိုလိုက်ကျူးလွန်သည့် ပြစ်မှုများစွာထဲမှ အမျိုးသမီး၏ ကာယိန္ဒြေပျက်စီးစေမှုအကြောင်း လေ့လာသိရှိနိုင်ရန်နှင့် ပြစ်မှုကျူးလွန်ခြင်းကင်းဝေးစေရန်အတွက် ရေးသားဖော်ပြလိုသည်။

အနိုင်အထက်ပြုသည်ဆိုသည်မှာ သူတစ်ပါးကို ရွေ့လျားစေခြင်း၊ ရွေ့လျားနေသည်ကို ရပ်တန့်စေခြင်းများဖြစ်စေရန် အင်အားကိုအသုံးပြု၍ အနိုင်အထက်ပြုလုပ်ခြင်းဖြစ်သည်။

ဥပမာ- မောင်ဖြူသည် အမျိုးသမီးတစ်ဦး၏ လက်ကို တမင်ဆွဲကိုင်လိုက်သည်။ မောင်ဖြူသည် ထိုအမျိုးသမီးကို တမင်အနိုင်အထက်ပြုခြင်းဖြစ်သည်။ အမျိုးသမီး၏ လက်ကိုတမင်ဆွဲကိုင်ခြင်းသည် ထိုအမျိုးသမီး၏ သဘောတူညီချက်မရရှိဘဲ ထိုအမျိုးသမီးကို နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန် ကြံရွယ်၍ပြုလျှင်ဖြစ်စေ၊ ထိုအမျိုးသမီးသည် နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြိုငြင်ခြင်းဖြစ်စေမည်ကိုသိလျက်နှင့်ပြုလုပ်လျှင်ဖြစ်စေ မောင်ဖြူသည် ပြစ်မှုမကင်းသောပြုလုပ်မှုကို ထိုအမျိုးသမီးကိုပြုလုပ်ခြင်းဖြစ်သည်။

ကျေးလက်ဒေသတွင် သောက်ရေ၊ သုံးရေများကို ရေတွင်း သို့မဟုတ် ရေကန်များမှ ခပ်ယူကြရသည်။ ရေခပ်စဉ် မနီသည် မောင်ဖြူကို ရေအိုးပင့်ခိုင်းရာမှ မောင်ဖြူ၏ လက်သည် မနီ၏ခန္ဓာကိုယ် အစိတ်အပိုင်းကို ကိုင်တွယ်မိသည်။ မနီက သဘောတူညီလျှင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်မှုမမြောက်ပေ။ သို့သော် မနီက သဘောမတူညီလျှင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်မှုမြောက်၊ မမြောက် အကြောင်းခြင်းရာနှင့်အခြေအနေများကို သုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ မောင်ဖြူက မနီ၏ ခန္ဓာကိုယ်အစိတ်အပိုင်းကို ကိုင်တွယ်ခြင်းသည် နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြိုငြင်ခြင်းတစ်ခုခုဖြစ်စေရန် ကြံရွယ်၍ ပြုလျှင်ဖြစ်စေ၊ မနီသည် နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြိုငြင်ခြင်းဖြစ်စေမည်ကို သိလျက်နှင့် ပြုလုပ်ကြောင်း ထင်ရှားပေါ်ပေါက်လျှင် မောင်ဖြူသည် ပြစ်မှုမကင်းသောအနိုင်အထက်ပြုလုပ်ခြင်းဖြစ်သည်။

လက်ရောက်မှုဆိုသည်မှာ "မိမိရှေ့မှောက်ရှိ လူတစ်ဦးတစ်ယောက်ကို မိမိ၏ကိုယ်အမူအရာဖြင့် ပြစ်မှုမကင်းသော အနိုင်အထက်ပြုလုပ်မှုသည် လက်ရောက်မှုကျူးလွန်ခြင်းဖြစ်သည်။

ဥပမာ- မောင်ဖြူကို လက်သီးနှင့်ထိုးမည်ဟု ကြံရွယ်၍ဖြစ်စေ၊ မောင်ဖြူယုံကြည်လောက်သည်ကို သိလျက်နှင့်ဖြစ်စေ မောင်မဲသည် မောင်ဖြူကိုလက်သီးနှင့် ရွယ်သည်။ မောင်မဲသည် လက်ရောက်မှုကျူးလွန်ခြင်းဖြစ်သည်။

ယနေ့ခေတ်ကာလသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို လေးစားလိုက်နာခြင်းမရှိနည်းပါးလှသည်။ မြန်မာ့ယဉ်ကျေးမှုများလည်း တဖြည်းဖြည်းကွယ်ပျောက်လျက်ရှိသည်။ အရက်သေစာနှင့် စိတ်ကို ပြောင်းလဲစေသော မူးယစ်ဆေးဝါးများ၊ စိတ်ကြွဆေးဝါးများသည် တောရောမြို့ပါ အနှံ့ရောင်းဝယ်နေကြသည်။ လူကြီး၊ လူငယ်အတော်များများ အရက်သေစာသောက်စားသည့် အလေ့အထသည် ယဉ်ကျေးမှုတစ်ရပ်အဖြစ် ခေတ်စားနေပေသည်။ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများ၊ စိတ်ကြွဆေးဝါးများ၊ ကာမရာဂနိုးဆွစေသည့် ဆေးဝါးများသုံးစွဲနေကြောင်း ဝမ်းနည်းဖွယ် သတင်းများကြားနေရသည်။ နေ့စဉ်နှင့်အမျှ စိတ်ကြွမူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှု မူးယစ်ဆေးဝါးသုံးစွဲမှုသတင်းများကိုလည်း ဖတ်ရှုရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကောင်းကျိုးမပေးဘဲ ဆိုးကျိုးသာပေးသည်။

ထို့အတူ အချို့လူတို့သည်လည်း ကိုယ်ကျင့်သီလပျက်ယွင်းနေကြသည်။ လူမှုပတ်ဝန်းကျင်က လက်မခံနိုင်သော မကောင်းမှုများကိုလည်း ပြုလုပ်နေကြသည်များရှိသည်။ အသင့်စားသုံးနိုင်သော ဓာတုဗေဒနည်းများဖြင့် စီမံပြုလုပ်ထားသော အစားအစာများ၊ ဆေးဝါးများကြောင့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများကျူးလွန်တတ်ကြသည်။

**❖ အချို့ကား အတင့်ရဲစွာ အမျိုးသမီးငယ်များကို မကြားဝံ့မနာသာ အယုတ္တစကားများဖြင့် ညစ်ညမ်းစွာပြောဆိုသံများကြားရသည်။ အချို့ကား အတင့်ရဲစွာ လက်ရဲဇက်ရဲဖြင့် အမျိုးသမီးများကို အနိုင်အထက်ပြုလုပ်မှုများ၊ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေရန်ကြံရွယ်၍ ကိုယ်ထိလက်ရောက် မဖွယ်မရာများပြုလုပ်သည်။ ထိုသို့ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေရန် အကြံဖြင့် ပြုလုပ်သူများ၊ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေမည်ကို သိလျက်နှင့်ပြုလုပ်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် မိန်းမများကာယိန္ဒြေပျက်စီးမှု ရာဇသတ်ကြီး ဥပဒေပုဒ်မ-၃၅၄ ပြဋ္ဌာန်းထားသည်။ ❖**

အချို့ကား အတင့်ရဲစွာ အမျိုးသမီးငယ်များကို မကြားဝံ့မနာသာ အယုတ္တစကားများဖြင့် ညစ်ညမ်းစွာပြောဆိုသံများကြားရသည်။ အချို့ကား အတင့်ရဲစွာ လက်ရဲဇက်ရဲဖြင့် အမျိုးသမီးများကို အနိုင်အထက်ပြုလုပ်မှုများ၊ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေရန်ကြံရွယ်၍ ကိုယ်ထိလက်ရောက် မဖွယ်မရာများပြုလုပ်သည်။

ထိုသို့ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေရန် အကြံဖြင့် ပြုလုပ်သူများ၊ အမျိုးသမီးများ၏ ကာယိန္ဒြေပျက်စီးစေမည်ကို သိလျက်နှင့်ပြုလုပ်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်အတွက် မိန်းမများ ကာယိန္ဒြေပျက်စီးမှု ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၅၄ ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၅၄ သည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့်ဥပဒေဖြစ်သည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၅၄ "မည်သူမဆို မိန်းမတစ်ဦး၏ ကာယိန္ဒြေပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုမိန်းမကို လက်ရောက်မှုကျူးလွန်လျှင် သို့တည်းမဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားသည်။

အချို့သော အိမ်နီးချင်းအမျိုးသားများသည် ခင်မင်ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး အိမ်နီးချင်း အမျိုးသမီးငယ်များကိုမြူဆွယ်ကာ ကိုယ်ထိလက်ရောက်မှုများ ကျူးလွန်တတ်သည်။ အချို့သော အိမ်ထောင်ရှင်များသည် အိမ်နီးချင်းကောင်းတစ်ယောက်အနေဖြင့် စောင့်စည်းရန် ဝတ္တရားရှိသည်။ ထိုဝတ္တရားကိုဖောက်ဖျက်သည်သာမက အိမ်နီးချင်းမိဘဆွေမျိုးများ၏ မျက်နှာကိုပင် မထောက်ထားဘဲ လောကအကြောင်းနားမလည်သေးသည့် အသက်ငယ်ရွယ်သူ အမျိုးသမီးငယ်များအပေါ် အခွင့်အရေးယူသည့် ပြုမူချက်များသည် မှန်ကန်သောလူမှုဆက်ဆံရေးအရ အလွန်မလိုလားအပ်သည့်ကိစ္စတစ်ရပ်ဖြစ်သည်။ အိမ်နီးချင်းဖြစ်စေ၊ အခြားအရပ်တစ်ပါးကဖြစ်စေ အသက်ငယ်ရွယ်သော လောကအကြောင်းမသိနားမလည်သေးသည့်အမျိုးသမီးများအပေါ် အနိုင်အထက်ပြုမှု၊ လက်ရောက်မှု၊ ကာယိန္ဒြေပျက်စီးစေရန် ကြံစည်လုပ်ဆောင်ခြင်းသည် အထူးရှောင်ကြဉ်အပ်သည်။ လောကအကြောင်း မသိနားမလည်သေးသည့် အမျိုးသမီးငယ်များကို မိဘမောင်ဖွားသဖွယ်စောင့်ရှောက်ပြီး ကူညီဖေးမပေးရန် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်ပေသည်။ ထိုသို့ လောကအကြောင်း မသိနားမလည်သေးသည့် အမျိုးသမီးငယ်များ၏ ကာယိန္ဒြေပျက်စီးအောင်ပြုလုပ်သူ၊ အမျိုးသမီးများကို စိတ်ပြိုငြင်အောင်၊ အရှက်ကွဲအောင်ပြုလုပ်သူများကို ဟန့်တားစေရန် ထိရောက်ပြင်းထန်သည့်အပြစ်ဒဏ်ပေးခြင်းဖြင့် အမျိုးသမီးများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သင့်ပေသည်။

အင်ဂျင်နီယာကိုဒေဝသည် ဒေးဒရဲမြို့နှင့်ကျိုက်လတ်မြို့ လမ်းဖောက်သည့်လုပ်ငန်းတွင် တာဝန်ကျသည်။ ညနေ ၆ နာရီခန့်တွင် အလုပ်သမားများတူးထားသည့်မြေကျင်းများကို လူလုံးမသဲကွဲတော့သဖြင့် လက်နှိပ်ဓာတ်မီးထိုး၍ တိုင်းတာသည်။ မငွေမ ရပ်နေစဉ် ကိုဒေဝအနီးသို့ရောက်လာပြီး လက်ဆွဲကာ ပါးကိုနမ်းသည်။ အော်ဟစ်သောအခါ လူအများပြေးလာသည်။ အစ်ကိုဖြစ်သူ မောင်သိန်းအောင်က ကိုဒေဝကို လက်သီးဖြင့်ထိုးကြောင်း၊ မချို (လိုပြ-၁) က အော်သံကြား၍ လှမ်းကြည့်သည့်အခါ ကိုဒေဝက မငွေမလက်ကိုဆွဲပြီး ပါးကိုနမ်းကြောင်းမြင်ရသည်ဟု ထွက်ဆိုထားသည်။ ကိုဒေဝက တာဝန်အရ ကျင်းများကို တိုင်းသောအခါ ကိုသိန်းဆောင်နှင့်ကိုသိန်းအောင်တို့တူးသောကျင်းကို သုံးခါ၊ လေးခါပြန်၍ တိုင်းခိုင်းသဖြင့် စကားများကာ ကိုသိန်းဆောင်နှင့်ကိုသိန်းအောင်တို့က လက်သီးနှင့်ထိုးသောကြောင့် မြေကျင်းထဲကျသွားကြောင်း ထွက်ဆိုသည်။ ကျင်းတူးအလုပ်သမားများဖြစ်ကြသော ကိုခင်မောင်လေး(ခံပြ-၁) နှင့် ဦးသာညို(ခံပြ-၂)တို့က ထောက်ခံ၍ မငွေမအား ဦးဒေဝက လက်ဆွဲ၍ ပါးကိုနမ်းသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း ထွက်ဆိုကြသည်။ ကာယိန္ဒြေပျက်စီးမှုနှင့်ပတ်သက်၍ သက်ဆိုင်သူမိန်းကလေးသည် အရှက်ကွဲခံ၍ မုသားတိုင်တန်းခြင်းမပြုရာဟု ဆိုနိုင်သော်လည်း ယခုအမှုတွင် သဘာဝယုတ္တိအားဖြင့် စဉ်းစားလျှင် အလုပ်သမားများစွာရှိစဉ်အချိန် ကိုဒေဝက မငွေမကို စော်ကားဝံ့မည်မဟုတ်ချေ။ ကိုဒေဝသည် မငွေမအပေါ် ယခင်ကတည်းကရင်းနှီးစေရန် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့်ပြုကျင့်ခဲ့ကြောင်း မပေါ်ပေါက်ချေ။

ယခင်က အဆက်အသွယ်မရှိသော မိန်းကလေးတစ်ဦးကို အကြောင်းမဲ့သက်သက်လူများစွာရှိနေစဉ်အချိန်တွင် လက်ဆွဲ၍ ဖက်နမ်းသည် ဆိုသည်မှာလည်း စဉ်းစားဖွယ်ရာဖြစ်ပေသည်ဟု စသည်အားဖြင့် သုံးသပ်၍ ကိုဒေဝသည် ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း ဆုံးဖြတ်သည်။ (၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာမျက်နှာ ၅၇-၆၀။ ကိုဒေဝနှင့် ပ. ထ. စ(မငွေမ) အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့် ဥပဒေများ အကာအကွယ်ယူ၍ အမျိုးသမီးများသည် မမှန်မကန်မစွပ်စွဲသင့်ပေ။ ကိုဒေဝနှင့်မငွေမအမှုတွင် မငွေမ၏အစ်ကိုဖြစ်သူ ကျင်းတိုင်းရာမှ အချင်းများ၍ အထက်အရာရှိ ကိုဒေဝကို လက်သီးဖြင့်ထိုးကြောင်း သက်သေခံအထောက်အထားရှိသည်။ ဤကဲ့သို့ ခြေလွန်လက်လွန်ဖြစ်မိသောကြောင့် မိမိအပြစ်ကို ကာကွယ်ရန် နှမဖြစ်သူအား စော်ကားပါသည်ဟု အကြောင်းပြခြင်းလည်းဖြစ်နိုင်သည်ဟု သုံးသပ်ထားသည်။

အမျိုးသမီးများအခွင့်အရေးနှင့် ဂုဏ်သိက္ခာကာကွယ်ပေးသည့် ဥပဒေများကို အားကိုးကာ မမှန်မကန်အမှုဆင်တိုင်တန်းခြင်းသည် လူ့လောက၊ လူ့သဘာဝအရ လက်ခံနိုင်ဖွယ်ရာမရှိပေ။ အမှန်တကယ် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာထိပါးစော်ကားသူကို ဟန့်တားစေရန် စံနမူနာအဖြစ် ကြီးလေးသောအပြစ်ဒဏ်ပေးသင့်ပေသည်။ အမျိုးသားများကလည်း အမျိုးသမီးများကို မိမိတို့၏ အစ်မ၊ ညီမ၊ သမီး၊ တူမသဖွယ်ကူညီစောင့်ရှောက်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းကာအမျိုးသမီးများကို ကူညီစောင့်ရှောက်ပေးပါက ကာယိန္ဒြေပျက်စီးစေမှုနှင့် အခြားသောရာဇဝတ်ပြစ်မှုများဖြစ်ပွားခြင်းမရှိနိုင်ကြောင်း ရာဇဝတ်ပြစ်မှုဘေးမှကင်းဝေးပါစေရန် စေတနာရှေ့ထားရေးသားတင်ပြအပ်ပါသည်။

## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ကုန်ဆုံးသွားသော စွမ်းအားများ

## DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


### အမည်ပြောင်း

စစ်ကိုင်းမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ Grade-2 (အောင်)မှ (အဘ) ဦးဟန်ဝင်း (၈/ရနခ(နိုင်)၀၇၅၁၃၆) ၏သမီး မနှိုင်းပြည့်ဖူးဟန် အား မဟန်သာမေဦး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မဟန်သာမေဦး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး၊

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့ကိုကိုယ်စားပြုသည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂-၁၂-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မွေးဝင်)



ငွေပင်လယ်ကိုရိုးဂိတ်ထုပ်ပိုးရေးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com